# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းများလေ့ကျင့်ရေးအလုပ်အဖွဲ့အနေဖြင့် သင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး လေ့ကျင့်သင်ကြားပေးနိုင်မည့် သင်တန်းကျောင်းများကို လျာထားစီစဉ်ဆောင်ရွက်ထားပြီးဖြစ်



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၄**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပထမအကြိမ် အစည်းအဝေးတွင် ချမှတ်ခဲ့သည့်


*စာမျက်နှာ ၄ ကော်လံ ၁* ❍


## နိုင်ငံခြားငွေလွှဲများကို အကန့်အသတ်မရှိထုတ်ယူနိုင်မည့် ဝန်ဆောင်မှုကို MCB ဘဏ်ခွဲတိုင်းတွင် ဝန်ဆောင်မှုရယူနိုင်ပြီဖြစ်ကြောင်း ကြေညာ

**ရန်ကုန် မတ် ၄**

နိုင်ငံခြားငွေလွှဲများကို အကန့်အသတ်မရှိ ထုတ်ယူနိုင်မည့် International Money Transfer ဝန်ဆောင်မှုအနေဖြင့် ပြည်ပနိုင်ငံများမှ ပြည်တွင်းရှိ မိမိချစ်ခင်ရသူများထံကို အလွယ်တကူ ငွေလွှဲများ ပေးပို့နိုင်မည်ဖြစ်သည့်အပြင် ငွေသားထုတ်ယူရာတွင် အကန့်အသတ်မရှိ အခမဲ့ထုတ်ယူနိုင်မည့် နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုကို Myanmar Citizens Bank-MCB ဘဏ်ခွဲတိုင်းတွင် ဝန်ဆောင်မှု ရယူနိုင်ပြီဖြစ်ကြောင်း အသိပေးထားသည်။

Money Gram, Ria, Merchantrade, Queenbee, Myanmar Remit, Thunes, DollarSmart အစရှိသည့် နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုကုမ္ပဏီများနှင့် ချိတ်ဆက်ထားသည်ဖြစ်၍ ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၁၉၀ ကျော်မှ ပြည်တွင်းရှိ မိမိချစ်ခင်ရသူများထံကို လုံခြုံစိတ်ချစွာဖြင့် အလွယ်တကူ ငွေလွှဲပေးပို့နိုင်မည်ဖြစ်ကြောင်း အသိပေးထားသည်။

ထို့အပြင် နိုင်ငံခြားငွေလွှဲများကို ပြည်တွင်းရှိ MCB ဘဏ်အကောင့်ထဲသို့ တိုက်ရိုက်လွှဲထည့်ပါက ၁ ဒေါ်လာလျှင် အပိုထပ်ဆောင်းငွေ ၅ ကျပ်အထိ ရယူနိုင်မည်ဟုလည်း ပါရှိသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ❑



**ယနေ့ ဖတ် စ ရာ**

**မန်တုံ၊ နမ့်ဆန်၊ နမ္မတူမြို့နယ်များတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံး**

အမိန့် | စာ ၃

**တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ မီဒီယာများ၊ အဖွဲ့အစည်းများ၏ မေးမြန်းမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ အသိပေးပြောကြားချက်**

ပြည်တွင်းသတင်း | စာ ၉

# မန်တုံ၊ နမ့်ဆန်၊ နမ္မတူမြို့နယ်များတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၃/ ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
( ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) မန်တုံမြို့နယ်
(ခ) နမ့်ဆန်မြို့နယ်
(ဂ) နမ္မတူမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၄ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
( ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၃/၂၀၂၄ ဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် မန်တုံမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် နမ္မတူမြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာစစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့်စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကိုပိုရှိနိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့ လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော်သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လုယက်မှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများ။

❍ *ရှေ့ဖုံးမှ*

အစည်းအဝေးဆုံးဖြတ်ချက် ၁၀ ချက်အနက် ၅ ချက်ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၃ ခုမှာ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အချက်များ ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲရေးနှင့် စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP ) ပြုစုရေးဆွဲရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP ) ပြုစုရေးဆွဲရေးနှင့် နည်းဥပဒေ ပြုစုရေးဆွဲရေး အလုပ်အဖွဲ့ကို စစ်ဥပဒေချုပ်ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယင်းအလုပ်အဖွဲ့အနေဖြင့် နည်းဥပဒေရေးဆွဲရေး အစည်းအဝေး (၂) ကြိမ် ပြုလုပ်ခဲ့ပြီး နည်းဥပဒေ (တတိယမူကြမ်း) ကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Producer – SOP ) ကိုလည်း ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

**သင်တန်းကျောင်းများကို လျာထားစီစဉ်**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့အနေဖြင့် လုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစီးသည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟို၊ ဥက္ကဋ္ဌရုံးအဖွဲ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် လည်းကောင်း၊ မြို့နယ်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို ဖေဖော်ဝါရီ ၂၂ ရက်တွင်လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်းသည့် အလုပ်အဖွဲ့ (၈) ဖွဲ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ IT နည်းပညာနှင့် အချက်အလက် မှတ်တမ်းတင်ခြင်း အထောက်အကူပြုလုပ်ငန်းအဖွဲ့နှင့် ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင် ပြန်လည်ခန့်အပ်ရေးအလုပ်အဖွဲ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် အလုပ်အဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်သူ့စစ်မှုထမ်းများ လေ့ကျင့်ရေးအလုပ်အဖွဲ့အနေဖြင့် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး လေ့ကျင့်သင်ကြားပေးနိုင်မည့် သင်တန်းကျောင်းများကို လျာထားစီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

**လက်ကမ်းစာစောင် (၁) သိန်း အခမဲ့ဖြန့်ဝေ**

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှား မဖြစ်စေရေးနှင့် သတင်းမှန်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အချက်အလက်များကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ Mobile Operator (၄) ခုမှတစ်ဆင့် Short Message Service (SMS) များ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင် စောင်ရေ (၁) သိန်းအား တိုင်းဒေသကြီး၊ ပြည်နယ်များမှတစ်ဆင့် ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပြီး အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယင်းတို့အစီအစဉ်ဖြင့် အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့သည်ဟုသိရှိရပါကြောင်း၊ ထို့ပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း သတင်း၊ TV Spot ၊ ဆောင်းပါး၊ အယ်ဒီတာအာဘော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင်မှ ပြည်သူသို့ ပြောကြားချက်များစသည်ဖြင့် ထုတ်လွှင့်လျက်ရှိပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP) ပြုစုရေးဆွဲရေးနှင့် နည်းဥပဒေပြုစုရေးဆွဲရေး အလုပ်အဖွဲ့မှရေးဆွဲထားသည့် နည်းဥပဒေ (တတိယမူကြမ်း) နှင့် စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP ) တို့အား ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ကာလ အပိုင်းအခြားအလိုက် မှန်ကန်တိကျစွာဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပေးထားသည့် အလုပ်အဖွဲ့များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP) ရေးဆွဲထားမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံးမှ စစ်ဥပဒေချုပ်က ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ (တတိယမူကြမ်း) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အလေးထားဆောင်ရွက်**

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားတွင် ယခုအစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခဲ့သည့် လုပ်ငန်းအချိန်ဇယားများအတိုင်း အချိန်မီဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များသို့ အမြန်ဆုံးပေးပို့သွားရန်နှင့် ရေးဆွဲအတည်ပြုထားသည့် စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP ) အတိုင်း လုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်ကြရန်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ စံပြုလုပ်ထုံးလုပ်နည်းဆိုင်ရာများနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းဆက်သွယ်မှု အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို စတင်အကောင် အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မတ် ၄ ရက် နံနက်ပိုင်းတွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P Bandara အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာ – သီရိလင်္ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းများ၊ နှစ်နိုင်ငံရေပိုင်နက်အတွင်း လုပ်ကိုင်လျက်ရှိသည့် ကမ်းဝေးငါးဖမ်းလုပ်ငန်းများအနေဖြင့် နိုင်ငံတကာ ပင်လယ်ရေကြောင်း နယ်နိမိတ်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါး မှုခင်းများနှင့် မူးယစ်ဆေးဝါး စစ်ဆင်ရေးများအကြောင်း ဆွေးနွေး

**ရန်ကုန် မတ် ၄**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(အင်းစိန်)တို့ပူးပေါင်း၍ (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး မှုခင်းများနှင့် မူးယစ်ဆေးဝါးစစ်ဆင်ရေးများ အကြောင်း ဆွေးနွေးဟောပြောပွဲကို မတ် ၁ ရက်က အင်းစိန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က မေးမြန်းဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး) က ဖြေကြားဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ယနေ့ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါး မှုခင်းများအကြောင်း၊ မူးယစ်ဆေးဝါးစစ်ဆင်ရေးများအကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ်လျော့နည်းပပျောက်ရေး ဆောင်ရွက်ချက်များအကြောင်းတို့ကို စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) ပြည်သူ့အသံ အွန်လိုင်းမှ တစ်ဆင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပုသိမ်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး စကားဝိုင်းဆွေးနွေးပွဲများနှင့် ပြခန်းများ ပိတ်ပွဲအခမ်းအနား တက်ရောက်

**ပုသိမ် မတ် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး စကားဝိုင်းဆွေးနွေးပွဲများနှင့် ပြခန်းများ ပိတ်ပွဲအခမ်းအနားကို တက်ရောက်၍ ဆုများချီးမြှင့်သည်။



**မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် စာဖြူစုကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန၏ Super sun-41 ဆီထွက်သီးနှံ နေကြာ ၁၀ ဧက စံပြကွက်နှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်း နှစ်ဧကကို ကြည့်ရှုအားပေးပြီး မျိုးရွေးချယ်မှုများ စနစ်တကျ ဆောင်ရွက်ရန်၊ ပိုးမွှားအန္တရာယ်ဂရုစိုက် ဆောင်ရွက်ရန်၊ ရိတ်သိမ်းချိန် လေလွင့်မှုမရှိစေရေး ဆောင်ရွက်ရန်၊ အထွက်နှုန်းများအား စနစ်တကျမှတ်တမ်းထားရှိရန်နှင့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ပြုလုပ်သည့် (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနား (တတိယနေ့) ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး စကားဝိုင်းဆွေးနွေးပွဲရလဒ်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ရာ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိစေရေး စကားဝိုင်းဆွေးနွေးပွဲ ရလဒ်များကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ မွေးမြူရေးစကားဝိုင်းနှင့် ငါးမွေးမြူရေး စကားဝိုင်းတို့မှ ဆွေးနွေးပွဲရလဒ်များကို တာဝန်ရှိသူများကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသရာ၌ ပထမဆုရရှိသည့် မြောင်းမြခရိုင်အား ဆုချီးမြှင့်စဉ်။

**နေကြာဆီများ ပိုမိုထုတ်လုပ်နိုင်ရေးမှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ်၊ အနောက်စုကျေးရွာရှိ ဦးအောင်နိုင်ဦး၏ ဆီကြိတ်စက်သို့သွားရောက်၍ နေကြာဆီ ကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရေးနှင့် အဆင့်မီ ဆီကြိတ်စက်များနှင့် နေကြာဆီများ ပိုမိုထုတ်လုပ်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် တောင်သူများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

**လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ဆွေးနွေးပွဲဒုတိယပိုင်းကိုပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ်တို့မှ နေကြာ ပန်းတိုင်အထွက်နှုန်းရောက်ရှိအောင် ဆောင်ရွက်ချက် Video Clip ကို ကြည့်ရှုအားပေးပြီး သာပေါင်းမြို့နယ်မှ နေကြာ ၁၀ ဧက စံပြကွက်အား အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့မှု၊ ဇလွန်မြို့နယ်မှ တောင်သူ ဦးရွှေထူး၏ နေကြာစံပြကွက် အောင်မြင်ဖြစ်ထွန်းနေမှု၊ နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နေကြာသီးနှံတွင် ကျရောက်တတ်သော ရောဂါလက္ခဏာများ၊ ကာကွယ်နှိမ်နင်းနည်းများ၊ သာပေါင်းမြို့နယ် နေကြာစိုက်ခင်းအတွင်း ကွင်းဆင်းတွေ့ရှိချက်များနှင့် ပျားမွေးမြူရေးပညာရှင်တို့၏ ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြား ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပုသိမ်တက္ကသိုလ် ပထဝီဝင်ဌာနမှ ပါမောက္ခက စပါးအထွက်တိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု သုတေသနပြုလုပ်တွေ့ရှိချက်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒေသသုတေသနဗဟိုဌာန (မြောင်းမြ) ၏ သုတေသနမှူးက ဆောင်ရွက်ခဲ့သည့် သုတေသန၊ ထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ မိုးကြိုရာသီတွင် ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများကို ဆွေးနွေးကြသည်။

ဆက်လက်၍ (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးစကားဝိုင်းဆွေးနွေးပွဲနှင့် ပြခန်းများ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသရာ၌ နှစ်သိမ့်ဆု ပဉ္စမ၊ စတုတ္ထ၊ တတိယ၊ ဒုတိယဆု ရရှိသည့်ခရိုင်များကို တာဝန်ရှိသူများကလည်းကောင်း၊ နှစ်သိမ့်ဆု ပထမဆုရရှိသည့် မြန်အောင်ခရိုင်အား ပုသိမ်လေတပ်စခန်း ဌာနချုပ်မှူးကလည်းကောင်း၊ ဂုဏ်ပြု တတိယဆုရရှိသည့် ပုသိမ်ခရိုင်အား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကျုံပျော်ခရိုင်အား တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပထမဆုရရှိသည့် မြောင်းမြခရိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေး စကားဝိုင်းဆွေးနွေးပွဲရလဒ်များကို စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးက စုစည်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒအရပ်ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် မြေဆီလွှာများ ပြန်လည်ကောင်းမွန်ရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဓာတုမြေဩဇာသုံးစွဲခြင်းများကို လျှော့ချ၍ သဘာဝမြေဩဇာများသုံးစွဲရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ရေခံ၊ မြေခံကောင်းမွန်ပြီး တည်ငြိမ်အေးချမ်းသည့်အတွက် စည်ပင်ပြန့်ပွား တိုးတက်မည့် အလားအလာကောင်းများကို တွေ့ရှိနေရပြီဖြစ်ပါကြောင်းနှင့် တစ်စုတစ်စည်း စည်းစည်းလုံးလုံးဖြင့် တွေ့ကြုံရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်သွားကြရန် လိုပါကြောင်း နိဂုံးချုပ်အမှာစကားများ ပြောကြားပြီး ဌာနဆိုင်ရာများနှင့် တောင်သူကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**

---

❑ *ရွှေ့ဖုံးမှ*

နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက MCB ဘဏ်၏ Facebook Messenger (သို့) နီးစပ်ရာ MCB ဘဏ်ခွဲတိုင်းတွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း ယင်းဘဏ်က အသိပေးထားသည်။

အဆိုပါဘဏ်သည် မြန်မာနိုင်ငံ အထူးကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၇၄/၁၉၉၁-၉၂) ဖြင့် မှတ်ပုံတင်၍ အများပိုင်ကုမ္ပဏီလီမိတက်အဖြစ် စတင်ဖွဲ့စည်းခဲ့ကာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ (၂၅-၅-၁၉၉၂) ရက်စွဲပါ လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ဂျေ(အိုင်)-၁ (၅) ၁၉၉၂ ဖြင့် ခွင့်ပြုချက်အရ ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး (၂-၆-၁၉၉၂) ရက်မှစ၍ အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ **MT**

---

# သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

**ပဲခူး မတ် ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မတ် ၃ ရက် နံနက်က သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြေရေိယာ ဧက ၄၀ ကို စနစ်ကျလယ်ယာမြေ ဖော်ထုတ်နေမှုအား သွားရောက်အားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရေး စနစ်ကျ လယ်ယာမြေများ ဖော်ထုတ်ပေးခြင်းဖြစ်၍ မြေလပ်မရှိ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးရေကို စနစ်တကျ အလေအလွင့်မရှိ သုံးစွဲနိုင်ရေးပြောကြားပြီး ဒေသခံတောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကွင်းတစ်ဆက်တည်း လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါး မျိုးစေ့ထုတ် ဧက ၂၀၀ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုနှင့် စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး နွေစပါးစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ လုပ်ငန်းရှင် ဦးဇော်မင်းဦး၏ တံမြက်စည်းအလုပ်ရုံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ချောထုတ်လုပ်၍ အိန္ဒိယနိုင်ငံသို့ တစ်ဆင့်ခံပေးပို့နေရသဖြင့် တိုက်ရိုက်တင်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၄

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော်၊ သံဃာတော် အပါး ၁၆၀၊ အုပ်ချုပ်သူအဖွဲ့ဝင် ရှစ်ဦးနှင့် ဆေးအကူ နှစ်ဦးတို့က လာရောက်ဖူးမြော် ကြည်ညိုကြသည်။**



ပဲခူးတိုင်းဒေသကြီးမှ ဘုရားဖူးလာ ဆရာတော်၊ သံဃာတော်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လှေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြသည်။

**ရှင်းလင်းလျှောက်ထား**

ထိုကဲ့သို့ ပဲခူးတိုင်းဒေသကြီးမှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ဆရာတော်၊ သံဃာတော်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းလျှောက်ထားခဲ့ကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြား ကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြား ကပ်လှူရန် ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၈၇) စတုရန်းပေအား ရွှေစင်ရွှေပြားလိုအပ်သည့် အချပ်ရေမှာ (၃၄၈၅) ချပ်ဖြစ်ပါသည်။ ၂၉-၂-၂၀၂၄ ရက်နေ့အထိ အလှူခံရရှိပြီးသော အချပ်ရေမှာ (၅၂၆) ချပ်သာ ဖြစ်ပါသည်။ လိုအပ်နေသော ရွှေစင်ရွှေပြား (၂၉၅၉) ချပ်ကို (၁) ချပ်လျှင် ၂၅၀၀၀၀၀/- (ကျပ်နှစ်ဆယ့် ငါးသိန်းတိတိ) ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန်အတွက်လည်း စေတနာရှင်များ လူကိုယ်တိုင်(သို့) အောက်ပါဘဏ်စာရင်းတွင် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေသင်္ကန်း၊ ရွှေစင်ရွှေပြားကပ်လှူရန် **"ပထမ"** အကြိမ် အလှူငွေပေးအပ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ကြွရောက်လှူဒါန်းပူဇော်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

နေ့ရက် - ၁၂-၃-၂၀၂၄ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) အင်္ဂါနေ့
အချိန် - မွန်းလွဲ (၁) နာရီ
နေရာ - စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ။

❖ ဆက်သွယ်နိုင်လှူဒါန်းနိုင်ပါသည်-

(၁) ဦးမောင်မောင် (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)
ဖုန်း - ၀၉-၄၀၄၄၃၄၄၉၉
(၂) ဦးထွန်းကြည် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၅၁၃၅၆၉၈
(၃) ဦးကြည်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၂၅၀၇၉၇၄၁၇
(၄) ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး
ဖုန်း - ၀၉-၄၄၂၂၅၂၆၇၀
(၅) ပျဉ်းမနားမြို့၊ မြန်မာ့စီးပွားရေးဘဏ်
စာရင်းအမှတ် (CF – 000873) သို့လည်း တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။
(၆) AYA Pay (Merchant ID. 20044314)

ရွှေစင်ရွှေပြားကပ်လှူရေး
အလှူငွေလက်ခံရေးဆပ်ကော်မတီ

## ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သူနာပြုတက္ကသိုလ် (မန္တလေး) ရှိ ကျောင်းသူ ကျောင်းသားများအား လူ့အခွင့်အရေး အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် သူနာပြုတက္ကသိုလ်(မန္တလေး) တော်ဝင်သဇင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ် (မန္တလေး) မှ တာဝန်ရှိသူများ၊ ကျောင်းသူ ကျောင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ အကြောင်းအရာ စသည့်ဘာသာရပ်များကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် မတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မိဘနှင့် ခွဲခွာပြီး တစ်မြို့တစ်ရွာတွင် ပညာသင်ကြားနေရသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ဖမ်းဆီးခြိမ်းခြောက်ခံရမှုများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၄

**ပြန်ကြားရေးဝန်ကြီးဌာနက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် ကွန်းခိုနေထိုင်ကြသော အဘိုး၊ အဘွားများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါ ဘိုးဘွားရိပ်သာ ရတနာပုံခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများနှင့် အဘိုး၊ အဘွားများ တက်ရောက်ကြသည်။

ရှေးဦးစွာ "နုပျိုဆန်းသစ် ၇၈ နှစ်မှသည် ပြည်သူ့အတွက် MRTV" ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဘိုးဘွားများအား နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ဘိုးဘွားများအား ရိုသေလေးစားသည့်အနေဖြင့် လည်းကောင်း၊ ရှေ့တန်းရောက်တပ်မတော်သားများအား ဂုဏ်ပြုသည့်အနေဖြင့် လည်းကောင်း၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများဖြစ်သည့်အတွက် သက်ကြီးဝါကြီးများအား လှူဒါန်းထောက်ပံ့သည့်အနေဖြင့် လည်းကောင်း ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ လာရောက်လှူဒါန်းရခြင်း ဖြစ်ပါကြောင်းနှင့် ဤကဲ့သို့ ပေးအပ်လှူဒါန်းရသည့်အတွက် များစွာ ဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်သိန်း ၅၀ **(အောက်ပုံ)**၊ ဘိုးဘွားများအတွက် တစ်နေ့တာ အာဟာရကုသိုလ်အဖြစ် ငွေကျပ် ၉ သိန်းနှင့် MRTV DTH စလောင်းစက်နှင့် DVB T2 set top box များကို ပေးအပ်လှူဒါန်းရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိ ဗိုလ်မှူး သောင်းမြင့် (ငြိမ်း)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



ဆက်လက်၍ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့် (ငြိမ်း) က အလှူငွေများ လာရောက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များနှင့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဒိန်းဒေါင်တို့က ငြိမ့်ညောင်းသာယာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည့်အပြင် ဘိုးဘွားရိပ်သာရှိ အဘွားတစ်ဦးနှင့် စစ်သည်ဟောင်း တစ်ဦးတို့က လည်း တေးသီချင်းများဖြင့် ပါဝင်သီဆိုကြရာ အဘိုးအဘွားများက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက အဘိုး၊ အဘွားများအား ငွေသားကံစမ်းမဲများ မဲဖောက်ပေးကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘိုးဘွားများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွင်း အဘိုး၊ အဘွားများနေထိုင်သည့် စံပယ်ဆောင်သို့ ရောက်ရှိပြီး နေထိုင်စားသောက်မှုနှင့် ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။**(အပေါ်ပုံ)**

နှစ်ပေါင်းများစွာ နိုင်ငံတော်နှင့်တပ်မတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်သည်တော်များ၊ ကျဆုံးစစ်သည်နှင့် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသည့် စစ်သည်တော်များ၏ မိသားစုများအတွက် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာကို ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လက်ရှိရိပ်သာတွင် အဘိုးဆောင်ကိုးဆောင်၊ အဘွားဆောင် ခြောက်ဆောင်၊ အဘိုးအဘွား စုံတွဲဆောင် နှစ်ဆောင်၊ ဆေးကုသဆောင် တစ်ဆောင် ဖွင့်လှစ်၍ အဘိုး ၁၂၆ ဦး၊ အဘွား ၅၉ ဦး၊ ကျဆုံးစစ်သည် မိသားစုဝင် ရှစ်ဦးနှင့် အငြိမ်းစား စစ်သည် ခုနစ်ဦး စုစုပေါင်း ၂၀၀ တို့ကို စောင့်ရှောက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# သင်ကြားသင်ယူမှုနှင့် သုတေသနလုပ်ဆောင်ရာတွင် အနာဂတ်အလုပ်အကိုင်များ၏ ပြောင်းလဲလာသော လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ပြုစုပျိုးထောင်ပေးရန်လိုအပ်

**နေပြည်တော် မတ် ၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးကွန်ပျူတာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်ကြားသင်ယူမှုနှင့် သုတေသနလုပ်ဆောင်ရာတွင် အနာဂတ် အလုပ်အကိုင်များ၏ ပြောင်းလဲလာသော လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာတွေ့သာမက လက်တွေ့လုပ်ဆောင်မှုများကိုပါ ကျွမ်းကျင်တတ်မြောက်ပြီး အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်စေရန် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်အတန်း မြင့်မားလာစေရေး ဆောင်ရွက်သွားပါက ရည်မှန်းချက်များ အောင်မြင်လာမည်ဖြစ်ကြောင်း ပြောကြားပြီး**(အောက်ယာပုံ)** ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ကွန်ပျူတာခန်းများ၊ လက်တွေ့ခန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (မန္တလေး)ရှိ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ၏ လိုအပ်ချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်ရေးနှင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးပြီး ကျောင်းအတွင်းအပြင် သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ သင်ကြားသင်ယူဆောင်ရွက်နေမှု၊ လက်တွေ့ခန်းများတွင် လက်တွေ့ဆောင်ရွက်နေမှုများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်နှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များတွင် နေထိုင်စားသောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ဘောလုံးကွင်းနှင့် စာကြည့်တိုက် တည်ဆောက်မည့်မြေနေရာနှင့် အစိုးရနည်းပညာကောလိပ်(မန္တလေး) တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံးအကျုံးဝင်သည့် စီမံကိန်းဖြစ်လာစေရေးနှင့် နိုင်ငံတကာအဆင့်မီသည့် လူမှုဖူလုံရေးစနစ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရန်တိုက်တွန်း

**နေပြည်တော် မတ် ၄**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်အကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းများကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်သည် လူမှုဖူလုံရေးအဖွဲ့သို့ ဝင်ရောက်ကြသည့် ဝန်ထမ်းသစ်များအနေဖြင့် မသိမဖြစ်သိရမည့် ဌာန၏ မူဝါဒများ၊ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည် တတ်ကျွမ်းကြစေရန်ဖြစ်ကြောင်း၊ အငယ်တန်းစာရေး ဝန်ထမ်းသစ်များအနေဖြင့် နိုင်ငံတော်မှခန့်အပ်သည့် တရားဝင် နိုင်ငံ့ဝန်ထမ်းများဖြစ်လာကြပြီ ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများပီပီ ပါတီနိုင်ငံရေး ကင်းရှင်းကြရန်နှင့် ဝန်ထမ်းများ သိသင့်သိအပ်သည့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဝန်ထမ်း ကျင့်ဝတ်များနှင့် သက်ဆိုင်ရာဌာနများမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာရန် လိုအပ်ကြောင်း၊

နိုင်ငံတော်၏အကျိုး၊ အလုပ်သမားဝန်ကြီးဌာန၏ အကျိုးအတွက် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်ကြိုးစားလုပ်ကိုင်ပေးကြရန်နှင့် လူမှုဖူလုံရေးအဖွဲ့၏ မျှော်မှန်းချက်ဖြစ်သည့် လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်လာစေရေးနှင့် နိုင်ငံတကာအဆင့်မီသည့် လူမှုဖူလုံရေးစနစ်များကို အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ဝန်ထမ်းများအနေဖြင့် မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့ **(အပေါ်ပုံ)** ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# AI နည်းပညာနှင့် မြန်မာဘာသာစကားကို ပေါင်းစပ်တည်ဆောက်နိုင်ခြင်းသည် ကိုယ်ပိုင် AIနည်းပညာတစ်ခု မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာမည်

**နေပြည်တော် မတ် ၄**

ပညာရေးဝန်ကြီးဌာန မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း မိတ်ဆက်တင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာစာအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ စီမံကိန်းတွင် တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ပညာရှင်များ၊ ပါမောက္ခများ၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ဦးရေ ၂၀ ကျော်ဖြင့် စတင်ဖွဲ့စည်းခွင့်ပြုခဲ့ကြောင်း၊ မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၃-၂၀၂၈)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စီမံကိန်း စတင်အကောင်အထည်ဖော်ရန် ခွင့်ပြုခဲ့ကြောင်း၊ နေပြည်တော် ရုံးအမှတ်၁၃ ပညာရေးဝန်ကြီးဌာနတွင် စီမံကိန်းရုံး ဖွင့်လှစ်လျက် နည်းပညာဆိုင်ရာ စီမံကိန်း လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဖြည့်ဆည်း စီစဉ်ပေးခဲ့ကြောင်း၊ ဘာသာစကား လုပ်ငန်းများကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာန မြန်မာစာအဖွဲ့ရုံးတွင် မြန်မာစာအဖွဲ့ဝင် ပညာရှင်များ ဦးဆောင်လျက်စီမံကိန်းအတွက် လိုအပ်မည့်ဘာသာစကား အချက်အလက်ပြုစုရေး လုပ်ငန်းများကို စက်တင်ဘာမှ စတင်၍ ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း။

AI နည်းပညာနှင့် မြန်မာဘာသာစကားကို ပေါင်းစပ်တည်ဆောက်နိုင်ခြင်းသည် ကိုယ်ပိုင် AI နည်းပညာတစ်ခု မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာစေမည်ဖြစ်သကဲ့သို့ မြန်မာ့ AI နည်းပညာ အဆင့်အတန်း မြင့်မားစေရန် အတွက် အဆင့်တစ်ဆင့်သို့ တက်လှမ်းနိုင်ခြင်းလည်း ဖြစ်ပါကြောင်း၊ AI နှင့် မြန်မာဘာသာစကား ပေါင်းစပ်ထားသည့် ကွန်ပျူတာ၏ ဘာသာစကား စွမ်းဆောင်မှုနည်းပညာ (NLP) သည် အခြား AI နည်းပညာများ အားလုံးနှင့် ချိတ်ဆက်ထားသည့် အရေးအကြီးဆုံး နည်းပညာတစ်ခုဖြစ်ရာ စီမံကိန်းလုပ်ငန်းများမှ ထွက်ပေါ်လာမည့် AIနည်းပညာရလဒ်များသည်လည်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

စီမံကိန်း ရည်မှန်းချက်များ ပြီးမြောက် အောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေး၊ နိုင်ငံသားများ အဆင့်မြင့်နည်းပညာကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မိမိတတ်မြောက်ထားသည့် ပညာ၊ ကျွမ်းကျင်မှုတို့ကို အခြေခံလျက် စေတနာထက်သန်စွာ၊ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က မြန်မာစာ မြန်မာစကားစနစ်များသည် လွန်စွာရှုပ်ထွေးနက်နဲသဖြင့် NLPနှင့် AI နည်းပညာလုပ်ငန်း ကော်မတီသည် ဘာသာဗေဒ Linguistics လုပ်ငန်းကော်မတီနှင့် ပူးပေါင်းကာ မြန်မာစာရေးထုံးမူများကို မြန်မာစာအဖွဲ့ဝင် ပညာရှင်ကြီးများထံမှ လမ်းညွှန်မှု ခံယူကာ ရယူနိုင်သော အားသာချက်ကို အကျိုးရှိ ထိရောက်စွာ အသုံးချသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဘုန်းကျော်က စီမံကိန်းဆိုင်ရာများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး NLP(AI) နည်းပညာလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းပပက မြန်မာဘာသာ Natural Language Processing (NLP) သုတေသန စီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် စီမံကိန်းများ၊ စက်ဘာသာပြန်စနစ် (Machine Translation)၊ အသံမှ စာသားသို့ အလိုအလျောက် ပြောင်းပေးသောစနစ် (Automatic Speech Recognition)၊ စက်မှ စာသားကို အသံထွက်ရွတ်ဖတ်ခြင်း(Text-to-Speech)၊ စာသားထဲမှလူပုဂ္ဂိုလ်၊ နေရာ၊ အဖွဲ့အစည်းတို့၏အမည်များကို ဖော်ထုတ်ပေးခြင်းစနစ်(Name Entity Recognition -NER)၊ စာလုံးပေါင်းသတ်ပုံစစ်ဆေးခြင်း (Spell Checking) စနစ် စသည်တို့ ပါဝင်သော စီမံကိန်း လုပ်ဆောင်မည့် နည်းလမ်းများနှင့် စီမံကိန်းကာလအတွင်း ဆောင်ရွက်သွားမည့်အချိန်ခွဲဝေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘာသာဗေဒလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန့်စင်အေးက ဘာသာစကားပြုစုရေးအဖွဲ့နှင့် ဘာသာဗေဒနည်းပညာအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကာ မြန်မာစာအဖွဲ့ ပညာရှင်များ၏လမ်းညွှန်ကြီးကြပ်မှုဖြင့် မြန်မာအဘိဓာန်များ၊ မြန်မာ-အင်္ဂလိပ်နှင့် အင်္ဂလိပ်-မြန်မာအဘိဓာန်များ၊ Lexical Database စသည့် မြန်မာဘာသာစကားဆိုင်ရာ အချက်အလက်များ တည်ဆောက်ခြင်း၊ ကွန်ပျူတာ ဘာသာဗေဒဆိုင်ရာ သုတေသန လုပ်ငန်းများကို NLP(AI) နည်းပညာလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်မှ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့်သူ ကျောင်းသား ကျောင်းသူ ၂၆၆၂ ဦးရှိ

**မိတ္ထီလာ မတ် ၄**

၂၀၂၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၉ ရက်အထိ နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနများတွင် ကျင်းပမည်ဖြစ်ရာ မိတ္ထီလာမြို့နယ်မှ ဝင်ရောက်ဖြေဆိုမည့်သူ ကျောင်းသား ကျောင်းသူ ၂၆၆၂ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် မိတ္ထီလာမြို့နယ် စာစစ်ဌာနများအလိုက် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ဦးရေမှာ အထက (၁) ၄၀၂ ဦး၊ အထက (၂) ၆၄၀၊ အထက(၃) ၃၈၀ ၊ အထက (၄) ၄၃၇ ဦး၊ အထက(၅) ရှမ်းတဲ ၃၈၇ ဦး၊ အထက(တောမ) ၂၀၂ ဦးနှင့် အထက (ရေဝေ ) ၂၀၄ ဦး ရှိသည်။ အဆိုပါ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၂၆၆၂ ဦးတွင် အတွင်းဖြေဦးရေ ၂၅၂၁ ဦး နှင့် အပြင်ဖြေ ၁၄၁ ဦးတို့ ပါဝင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ မီဒီယာများ၊ အဖွဲ့အစည်းများ၏ မေးမြန်းမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ အသိပေးပြောကြားချက်

ဒီနေ့မှာတော့ ကျွန်တော်တို့ တရုတ်နိုင်ငံ ကူမင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်ပြီး မီဒီယာများ၊ အဖွဲ့အစည်းများ မေးမြန်းထားတာကို ပြန်လည်အသိပေးသွားပါမယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးပွဲရဲ့အကြောင်းအရာတွေ၊ သဘောတူညီမှုများနဲ့ ပတ်သက်ပြီး တိကျခိုင်လုံမှုမရှိဘဲနဲ့ လိုရာဆွဲပြီး ပြောဆိုနေတာတွေ၊ ဖြစ်ချင်တာတွေကို ပြောဆိုနေတာမျိုးတွေကိုလည်း တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး အသိပေးလိုတာကတော့ ဒီဆွေးနွေးမှုကို ဒီလဆန်းပိုင်းမှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲဟာ ငြိမ်းချမ်းရေး၊ ဆက်လက်ဆွေးနွေးရမှာတွေကို မထိခိုက်စေရေးအတွက် ဆွေးနွေးတဲ့ အချက်အလက်များကို နှစ်ဦးနှစ်ဖက်က ထုတ်ဖော်မပြောဖို့ သဘောတူထားပါတဲ့ ဆွေးနွေးပွဲ အမျိုးအစားများဖြစ်ကြောင်း အသိပေးလိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဆွေးနွေးပွဲ အကြောင်းအရာများနဲ့ သဘောတူညီချက်များကို ပြောကြားမှာမဟုတ်ပါဘူး။ ဖြစ်ပေါ်နေတဲ့ ကောလာဟလအပေါ်မှာ ကျွန်တော်တို့ ပြည်သူလူထု၊ မီဒီယာများ သိသင့်



သိထိုက်အသိပေးရမှာကိုပဲ ပြောကြားလိုပါတယ်။ အဲဒါတွေကတော့ နံပါတ် ၁ အချက်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံပိုင်နက် နယ်နိမိတ် အချုပ်အခြာအာဏာ Sovereignty သည် ဆက်လက်ခိုင်မြဲနေမှာ ဖြစ်ပါတယ်။ နံပါတ် ၂ အနေနဲ့ကတော့ ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်ရေးကို ရှေးရှုပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနဲ့ ပဋိပက္ခလျှော့ချရေး လမ်းစဉ်ကိုဆက်လက်ဆောင်ရွက်နေပါတယ်။ နံပါတ် ၃ အနေနဲ့ကတော့ နယ်စပ်ဒေသ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဂိတ်များစီမံခန့်ခွဲမှု၊ ကုန်သွယ်မှုတို့ဟာ နှစ်နိုင်ငံအစိုးရများရဲ့ စီမံခန့်ခွဲမှုအောက်မှာပဲ ရှိမှာဖြစ်ပါတယ်။ နံပါတ် ၄ အနေနဲ့ကတော့ တရုတ်-မြန်မာ နှစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ အကျိုးစီးပွားများကို မြန်မာအစိုးရအနေနဲ့ အလေးထား ကာကွယ်မှုများ ဆောင်ရွက်နေပါတယ်။ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နံပါတ် ၅ အနေနဲ့ကတော့ နယ်စပ်ဒေသတည်ငြိမ်ရေး၊ လုံခြုံရေးကို ထိခိုက်စေတဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုတွေ၊ ဆိုက်ဘာမှုခင်းကိစ္စတွေကို နှစ်နိုင်ငံအစိုးရနှစ်ရပ်ပူးပေါင်းပြီး ပြတ်ပြတ်သားသား ဆက်လက်နှိမ်နင်းသွားမှာ ဖြစ်ပါတယ်။ နံပါတ် ၆ အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ ပိုင်နက်နယ်မြေတွေမှာ အသုံးပြုပြီး အိမ်နီးချင်းနိုင်ငံများရဲ့ အကျိုးစီးပွားကို ထိခိုက်အောင်လုပ်ဆောင်တဲ့ မည်သည့်လုပ်ဆောင်မှုကိုမှ မြန်မာနိုင်ငံက လက်ခံမှာ မဟုတ်ပါဘူး။ နံပါတ် ၇ အနေနဲ့ကတော့ ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဖြစ်မြောက်အောင် လုပ်ဆောင်ပေးတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးနှင့် ဆီမီး ၉၀၀၀ ပူဇော်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ မဟာမင်္ဂလာအခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ပျော်ပွဲရွှင်ပွဲနှင့် ကြည့်ချင်ပွဲများ ကျင်းပရေးဆပ်ကော်မတီနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပရေး ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။

**ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး**

အစည်းအဝေးတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး(၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ မဟာမင်္ဂလာအခမ်းအနား ကျင်းပရေးဆပ်ကော်မတီ၊ ပျော်ပွဲရွှင်ပွဲနှင့်ကြည့်ချင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည်က အမှာစကားပြောကြားသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ယင်းနောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးကြည်လွင်က ကော်မတီဝင်များအနေဖြင့် ပွဲတော်ကြီးအတွင်း ကျရာကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားပြီး ဆပ်ကော်မတီများက (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

**အမှာစကားပြော**

ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ပျော်ပွဲရွှင်ပွဲနှင့်ကြည့်ချင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သန်းသန်းနွယ်(ပုဗ္ဗ)

## သုံးခွမြို့နယ် ဘိုးဘွားရိပ်သာ၌ ကျန်းမာသုခကုသိုလ်ဖြစ်အခမဲ့ဆေးခန်း ပြန်လည်ဖွင့်လှစ်မည်

**သုံးခွ မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၇) ရပ်ကွက် အောင်ဇေယျလမ်းမကြီး စစ်ကုန်းကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ကျန်းမာသုခကုသိုလ်ဖြစ်အခမဲ့ဆေးခန်းကို ကိုဗစ်-၁၉ ရောဂါကြောင့်(ယာယီ)ပိတ်ထားခဲ့ရပြီးနောက် ယခုအခါ အဆိုပါဆေးခန်းကို ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် သိုက်တူးကန်ကျေးရွာအုပ်စု (ရဲနွံ့တာ)အနီးရှိ သုံးခွမြို့နယ်ဘိုးဘွားရိပ်သာအတွင်း မတ် ၉ ရက်မှစတင်ပြီးပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဆေးခန်းကို အပတ်စဉ်( စနေ၊ တနင်္ဂနွေ) မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ပြန်လည်ဖွင့်လှစ်၍ မိဘပြည်သူများအား ဆရာဝန်များက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးမည်ဖြစ်ကာ မည်သူမဆိုလာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

ကိုကျော် (သုံးခွ)

## သတင်းသမားနှလုံးသားမှ ဂန္ထဝင်အကၡရာများ စာအုပ်ထွက်ရှိ


**နေပြည်တော် မတ် ၄**

သတင်းသမားတိုင်းမဖြစ်မနေ ဖတ်ရှုလေ့လာသင့်သည် စာရေးသူ စိုးစိုးနိုင်(ကြေးမုံ) ရေးသားပြုစုသည့် “သတင်းသမား နှလုံးသားမှ ဂန္ထဝင်အကၡရာများ” စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာရေးသူသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လက်အောက်ရှိ The Gurdian ၊ The Working People’s Daily(နောင် The New Light of Myanmar)၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်တို့တွင် ခဲစာလုံးစာစီသမားဘဝမှ အယ်ဒီတာချုပ်ဖြစ်သည်အထိ နှစ်ပေါင်း ၄၀ ကျော် ရာထူးအဆင့်ဆင့်ဖြင့် ပါဝင်လုပ်ကိုင်လေ့လာ သင်ယူခဲ့ရသည့် သတင်းစာပညာများ၊ ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံများကို စုစည်းထားသည့် သတင်းစာသမားတစ်ယောက်၏ နှလုံးသားမှ စီးဆင်းလာသည့် ဂန္ထဝင်အကၡရာများအဖြစ် ဤစာအုပ်တွင် နိုင်ငံပိုင်သတင်းစာသမိုင်း၊ ခဲစာလုံးဖြင့် သတင်းစာထုတ်ဝေခြင်းလုပ်ငန်း၊ ကွန်ပျူတာဖြင့် သတင်းစာထုတ်ဝေခြင်းလုပ်ငန်း၊ စာပြင်ခြင်းအနုပညာ၊ သတင်းဆိုတာဘာလဲ၊ သတင်းရှာဖွေစုဆောင်းခြင်း၊ သတင်းရေးသားခြင်း၊ ဘာသာပြန်ဆိုခြင်း၊ အယ်ဒီတာလုပ်ငန်းတို့အပြင် မြန်မာ-ထိုင်း နယ်စပ်ပြဿနာ၊ စက်တင်ဘာအရေးအခင်း၊ တုန်လှုပ်ခဲ့ရသည့် နာဂစ်မုန်တိုင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉၊ မြန်မာ့နိုင်ငံရေး အပြောင်းအလဲကာလအချိန်မှာ သတင်းစာ လုပ်ငန်းအခင်းအကျင်းနှင့် စာရေးသူ ပြည်ပခရီးစဉ်အဖြစ် သွားရောက် ခဲ့ရသော အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့မှ လေ့လာမှတ်သားခဲ့ရသည့် ဗဟုသုတအဖြာဖြာတို့ကို အခန်း ၁၂ ခန်းဖြင့် မှတ်တမ်းပြုစုစည်း ဖော်ပြထားသည်။ ယခုထုတ်ဝေလိုက်သည့် စာအုပ်သည် စာရေးသူ၏ တတိယမြောက် ထုတ်ဝေလိုက်သည့် စာအုပ်လည်းဖြစ်သည်။

မော်ဒန်အနုပညာထုတ်လုပ်ရေးမှ ထုတ်ဝေလိုက်သည့် အဆိုပါ





စာအုပ်ကို တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်များနှင့် ဖုန်း ၀၉-၅၀၁၂၃၂၅၊ ၀၉-၇၈၅၀၁၂၃၂၅၊ ၀၉-၄၂၀၇၂၃၂၄၃ တို့သို့ တိုက်ရိုက်ဆက်သွယ် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

မြန်မာ့အလင်း

# ရေကြောင်းအရာရှိလောင်းဒီပလိုမာသင်တန်းသားများ၏ ပင်လယ်ပြင်လေ့ကျင့်ရေးခရီး

ဒေါက်တာငွေးကြွယ်(MMMC)

**မြန်မာနိုင်ငံသည် ကမ်းရိုးတန်းအရှည် ၁၂၆၀ ဒသမ ၀၅၆ ရေမိုင်ကို ပိုင်ဆိုင်ထားပြီး အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော်တို့နှင့် ဆက်စပ်ပင်လယ်ရေလမ်းကြောင်းများရှိခြင်းကြောင့် ရေကြောင်းဆိုင်ရာ အကျိုးစီးပွားဖော်ဆောင်မှုအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် များစွာ အရေးပါသည့် အားလျော်စွာ ရေကြောင်းကုန်သွယ်မှုသည်လည်း အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။**



မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးက အရာရှိလောင်းဒီပလိုမာသင်တန်းသားများအား ပင်လယ်ပြင်လေ့ကျင့်ရေးခရီးစဉ်နှင့်ပတ်သက်၍ မှာကြားစဉ်။

ရေကြောင်းကုန်သွယ်မှု လုပ်ငန်းများသည် ပြည်တွင်း သယ်ယူပို့ဆောင်ရေးအတွက်သာမက ကမ္ဘာ့ကုန်သွယ်မှုများ၌ပါ နိုင်ငံ့စီးပွားရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် အရေးပါပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားအဖြစ် ကျောထောက်နောက်ခံပြုလျက်ရှိပါသည်။ ကမ္ဘာ့ကုန်သွယ်မှု၏ ၉၀ ရာခိုင်နှုန်းမှာလည်း ကုန်ကျစရိတ်အသက်သာဆုံးဖြစ်သည့် ပင်လယ်ရေကြောင်းဖြင့်ပင် သယ်ယူပို့ဆောင်ပေးကြရသည့်အတွက် ပင်လယ်ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ကမ္ဘာ့ စီးပွားရေး၏ အသက်သွေးကြောတစ်ခုအဖြစ် အမြဲ ရပ်တည်လျက်ရှိသည်။

ရေကြောင်းဆိုင်ရာ အကျိုးစီးပွားမြှင့်တင်ရာတွင် ရေကြောင်းကုန်သွယ်မှုလုပ်ငန်းများအတွက် အရည်အသွေးနှင့် အရည်အချင်းရှိသော ပင်လယ်ပြင် အသက်မွေးဝမ်းကျောင်းပြုသူ (Seafarer) များကို နိုင်ငံတိုင်းတွင် အစဉ်အမြဲလိုအပ်လျက်ရှိနေပါသည်။ လူ့စွမ်းအားများမွေးထုတ်ပေးရေးသည် နိုင်ငံ့မျှော်မှန်းချက်ဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန်လည်း လိုအပ်ပါသည်။

ထိုလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် ရေကြောင်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များကို ၁၉၆၃ ခုနှစ်မှစတင်ကာ ယနေ့အချိန်ထိ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပြီး ရေကြောင်းပို့ဆောင်ရေးကဏ္ဍများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါသည်။

**သမိုင်းအစဉ်အလာကောင်းများနှင့် မျှော်မှန်းချက်၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၏ သမိုင်းကြောင်းအရ ၁၉၆၃ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနသုံးခုတို့ပူးပေါင်းပြီး တပ်မတော်ရေတပ်လေ့ကျင့်ရေးကျောင်း (ဆိပ်ကြီး) တွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းသား ၂၆ ဦးနှင့် စတင်သန္ဓေတည်ကာ ရေကြောင်းပညာရပ်များကို သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။ ၁၉၇၂ ခုနှစ်မှစတင်၍ ရေကြောင်းပညာသိပ္ပံအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အမည်ဖြင့်လည်းကောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်၌ ရေကြောင်းအတတ်ပညာများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သင်ကြားလေ့ကျင့်ပေးနေသည့်အတွက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်၏ အသိအမှတ်ပြုမှုရရှိထားကာ သမိုင်းအစဉ်အလာကောင်းများရှိသော ကောလိပ်တစ်ခုအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် ရေကြောင်းပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်များနှင့် ရေကြောင်းလျှပ်စစ်နည်းပညာရပ်များကို အနိမ့်ဆုံးသင်္ဘောသားများ တတ်မြောက်ရန် လိုအပ်သည့် အခြေခံအဆင့်မှ အမြင့်ဆုံးရေယာဉ်မှူးကြီး၊ အင်ဂျင်နီယာမှူးကြီးများ တတ်မြောက်ရန်လိုအပ်သော အထက်တန်းအဆင့်အထိ သင်ကြားပို့ချရန်နှင့် ရေကြောင်းဘက်ဆိုင်ရာ ပညာရပ်များနှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန် မျှော်မှန်းချက်၊ ရည်မှန်းချက်ထားရှိပြီး သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် ၁၉၆၃ ခုနှစ်ကတည်းကပင် ယနေ့အချိန်အထိ ရေကြောင်းအရာရှိလောင်း ၂၈၅၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း နှင့် ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ၂၈၁၂ ဦး စုစုပေါင်းအရာရှိလောင်း ၅၆၆၇ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ရေကြောင်းအရာရှိ ၈၇၄၁၅ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၁၀၇ ဦး၊ အခြားအဆင့်သင်္ဘောသား ၁၅၅၅၀၆ ဦး တို့ကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ရာ စုစုပေါင်း ၂၇၇၆၉၅ ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ကျောင်းဆင်းအရာရှိလောင်း အားလုံးမှာလည်း အလုပ်အကိုင်အခွင့်အလမ်းရာနှုန်းပြည့် ရရှိခဲ့ကြပါသည်။ ဤသို့ဖြင့် နိုင်ငံသားတို့၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း သမိုင်းအထောက်အထားကိန်းဂဏန်းအချက်အလက်များဖြင့် ပုံရိပ်ကောင်းများကို ဆက်လက်ဖော်ဆောင်ပေးလျက်ရှိပါသည်။

**❖ အရာရှိလောင်းတို့အနေဖြင့် သင်္ဘောသားတစ်ယောက်တတ်သိထားရမည့် ရေကြောင်းပညာရပ်ဆိုင်ရာများကို လက်တွေ့ကျကျသိမြင်ကာ ကိုယ်တိုင်ပါဝင်လေ့ကျင့်ခွင့်ရရှိခဲ့သဖြင့် ယုံကြည်မှုရရှိစေကာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုသဘောသဘာဝ၊ ဦးဆောင်မှုနှင့် စိတ်ရောကိုယ်ပါကြံ့ခိုင်စေရန် လေ့ကျင့်ပေးထားခဲ့မှုများက လွန်စွာအရေးပါအရာရောက်ကြောင်း သိမြင်လာစေ၊ စိတ်ဓာတ်ခွန်အားနှင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုတို့ကို ပင်လယ်ပြင်၌ လက်တွေ့ကျကျ ဆန်းစစ်မှုရလဒ်အပေါ် ရယူနိုင်သည့်အသိနှင့် မှန်ကန်သည့်အမြင်များကို သိရှိစေနိုင်ခဲ့**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် Quality Management System (QMS)ကို ထူထောင်ထားပြီး ၂၀၀၇ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ISO 9001:2000 Certification လက်မှတ် (Certificate No. BGK 0403950)ကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ISO 9001:2008 Certificationလက်မှတ်ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ယခုအခါတွင် (ISO 9001:2015) Quality Management System for Maritime Education Training လက်မှတ် (Certificate No.59571) ကို ရယူထားပါသည်။ ISO က သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် ISO ၏ စစ်ဆေးမှုများအပေါ် အောင်မြင်ခဲ့သည့် အသိအမှတ်ပြုလက်မှတ်များကို ရရှိထားပြီးဖြစ်ပါ သည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် အရာရှိလောင်းတို့အား အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)၏ ရေကြောင်းပညာရေးနှင့် လေ့ကျင့်ရေးစံချိန်စံညွှန်းများနှင့်အညီ သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး IMO ၏ Standards of Training Certification and Watch keeping for Seafarers (STCW Convention) နှင့်အညီ လိုက်နာဆောင်ရွက်ရပါသည်။ သို့ဖြစ်၍ အခြားသော ရေကြောင်းဘက်ဆိုင်ရာ အဖွဲ့အစည်းများနည်းတူ IMO ၏ သီးခြားလွတ်လပ်သော အကဲဖြတ်အဖွဲ့ (Independent Evalution Team ) ၏ (၅)နှစ်လျှင် တစ်ကြိမ် စစ်ဆေးမှုရှိပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် အရာရှိလောင်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အဆင့်မြင့်Simulatorများနှင့်သာမက လက်တွေ့ခန်း (Lab Room) များ၊ ရေကူးကန်၊ Smoke House နှင့် Work Shop များဖြင့် **"သင်ကြားရေးနှင့်လေ့ကျင့်ရေး"**–"Education and Training" တို့ကို ဟန်ချက်ညီညီ စနစ်တကျသင်ကြားလေ့ကျင့်ပေးနေပါသည်။ ထို့အပြင် ပင်လယ်ပြင်ခရီးစဉ်တွင် အရာရှိလောင်းများကိုယ်တိုင် လက်တွေ့ကျကျလေ့ကျင့်နိုင်ရန် (Sea Training) ခရီးစဉ်ကိုလည်း ရေးဆွဲလျက် စာပေသင်ကြားခဲ့မှုနှင့် လက်တွေ့လုပ်ငန်းခွင်ဆက်စပ်သည့် စာတွေ့၊ လက်တွေ့ပေါင်းစပ်မှု၏ဆန်းစစ်မှုကို ရေယာဉ်ပေါ်တွင် On Job Training အဖြစ် ထိထိရောက်ရောက် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

**အရာရှိလောင်း ဒီပလိုမာသင်တန်းသားများ၏ ပင်လယ်ပြင်လေ့ကျင့်ရေးခရီး**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့၏ ကူညီပံ့ပိုးမှုတို့ဖြင့် အရာရှိလောင်း ဒီပလိုမာသင်တန်းသားများ၏ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေး ခရီးစဉ် (၁/၂၀၂၄) ကို တပ်မတော် (ရေ) မှ စစ်ရေယာဉ် (ချင်းတွင်း) နှင့် **"ရန်ကုန် – ကိုကိုးကျွန်း – ဟိုင်းကြီးကျွန်း – ရန်ကုန်"** ခရီးစဉ်အဖြစ် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်တာ သွားရောက်လေ့ကျင့်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ရေကြောင်းပညာဌာနမှူး ကပ္ပတိန် ဦးကျော်ကျော်ဝင်းက ဦးဆောင်ပြီး အုပ်ချုပ်သူ၊ နည်းပြ ၂၀ နှင့်အတူ ရေကြောင်းပညာ (Nautical Studied) အထူးပြုသင်တန်းသား၊ ပထမနှစ်အရာရှိလောင်း ၁၂၁ ဦး၊ ဒုတိယနှစ်အရာရှိလောင်း ၉၀၊ ရေကြောင်းအင်ဂျင်နီယာ (Maritime Technology)အထူးပြုသင်တန်းသား၊ ပထမနှစ်အရာရှိလောင်း ၁၂၃ ဦး၊ ဒုတိယနှစ်အရာရှိလောင်း ၈၀၊ ရေကြောင်းလျှပ်စစ်နည်းပညာ (Marine Electrical Technology) အထူးပြုသင်တန်းသား၊ ပထမနှစ်နှင့် ဒုတိယနှစ်အရာရှိလောင်း ၄၇ ဦး စုစုပေါင်းအရာရှိလောင်း ၄၆၁ ဦး တို့လိုက်ပါခဲ့ကြကာ သက်ဆိုင်ရာရေကြောင်းပညာရပ်တို့ကို နိုင်ငံတော်က စီမံပေးခဲ့သော စစ်ရေယာဉ် (ချင်းတွင်း)ပေါ်တွင် လက်တွေ့လေ့ကျင့်ခဲ့ကြပါသည်။

ပင်လယ်ပြင်လေ့ကျင့်ရေးခရီးစဉ်သို့လိုက်ပါကြမည့် အရာရှိလောင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ချိတ်ဆက်ကာ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် သီလဝါ၊ ဟွန်ဒိုင်းဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့ကြပြီး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများက လိုက်ပါပို့ဆောင်ခဲ့ကြပါသည်။ ဆိပ်ခံတံတားမှ ရေယာဉ်စတင်မထွက်ခွာမီ ကျောင်းအုပ်ကြီးက အရာရှိလောင်းတို့အား လမ်းခရီးတစ်လျှောက်ကြုံတွေ့လာနိုင်မှုများအပေါ် သတိပြုလိုက်နာဆင်ခြင်သင့်သည့်အချက်များကို မှာကြားခဲ့ကာ ခရီးစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့ပါစေကြောင်း ဆုတောင်းမေတ္တာစကား မြွက်ကြားခဲ့ပါသည်။

အရာရှိလောင်းတို့လိုက်ပါလာသော ချင်းတွင်းရေယာဉ်သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီကျော်တွင် ဆိပ်ကမ်းမှ စတင်ထွက်ခွာကာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းသို့ ရောက်ရှိခဲ့ကြပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ကိုကိုးကျွန်းဆိပ်ခံတံတား၌ ဆိုက်ကပ်ရပ်နားခဲ့သည်။ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် အရာရှိလောင်းတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၃) စစ်ဗျူဟာမှူး၊ နယ်မြေခံရေတပ်အခြေစိုက် စခန်းမှူး၊ လေတပ်စခန်း စခန်းမှူးတို့အပါအဝင် ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများက နွေးထွေးစွာ ကြိုဆိုခဲ့ကြပါသည်။ ထို့နောက် မြို့နယ်ခန်းမ၌ ကိုကိုးကျွန်းနှင့် ပတ်သက်သည့် ဒေသန္တရအချက်အလက်များ၊ သမိုင်းကြောင်းများကို အရာရှိလောင်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပါသည်။

အရာရှိလောင်းတို့သည် ကိုကိုးကျွန်းကမ်းခြေတစ်ဝိုက်ရှိ ဂျပန်ခေတ်က ခံကတုတ်ဘန်ကာများနှင့် မြို့နယ်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထို့နောက် အရာရှိလောင်းများနှင့် အုပ်ချုပ်သူဆရာများက ကိုကိုးကျွန်းရှိ ဘုရားစေတီများနှင့် ဘုန်းကြီးကျောင်းများသို့ လည်းကောင်း၊ ဆေးရုံ၊ အထက်တန်းကျောင်း၊ မူကြိုကျောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးများသို့ လည်းကောင်း အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် အရာရှိလောင်းတို့သည် ကိုကိုးကျွန်းကမ်းခြေ၌ ရေကူးခြင်း၊ သဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး စသည့် ကြိုက်နှစ်သက်ရာတို့ကို ပျော်ရွှင်စွာ ကစားခဲ့ကြပါသည်။

ချင်းတွင်းရေယာဉ်သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၅နာရီ ခွဲတွင် ကိုကိုးကျွန်းမှ ပြန်လည်ထွက်ခွာလာခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇နာရီခွဲတွင် ဟိုင်းကြီးကျွန်းပမ္မဝတီရေတပ်စခန်း ဌာနချုပ်ဆိပ်ခံတံတားသို့ ဆိုက်ကပ်ခဲ့ပါသည်။ ယင်းနေ့နံနက်တွင် ပမ္မဝတီရေတပ်စခန်း ဌာနချုပ်ခန်းမ၌ ဒုတိယဌာနချုပ်မှူးက အရာရှိလောင်းတို့အား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခြားတာဝန်ရှိသူများက ဟိုင်းကြီးကျွန်းဆိုင်ရာအချက်အလက်များ၊ မော်တင်စွန်းဘုရား၏ သမိုင်းကြောင်းများကို ပါဝါပွိုင့်များနှင့်တကွ ရှင်းလင်းပြသခဲ့ကြသည်။ ထို့နောက် ပမ္မဝတီရေတပ်စခန်းဌာနချုပ်၏ စီစဉ်ပေးမှုဖြင့် ဆံတော်ရှင်မော်တင်စွန်းဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး ဘုရားဂေါပကလူကြီးများထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့အပြင် သမိုင်းဝင်သူရဲကောင်း မင်းရဲကောင်းပုံ၏ ကျူးကျော်သူနယ်ချဲ့တို့အား ချေမှုန်းတိုက်ခိုက်ခဲ့သောနေရာကိုလည်း ဝင်ရောက်လေ့လာခဲ့ကြကာ ညနေပိုင်းတွင် ပမ္မဝတီရေတပ်စခန်းက တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြပါသည်။




တပ်မတော် (ရေ) စစ်ရေယာဉ် (ချင်းတွင်း) ဖြင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်းသားများ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေးခရီးစဉ် ထွက်ခွာစဉ်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် အရာရှိလောင်းများကိုယ်တိုင်ပါဝင်ကာ လှေလှော်ရွက်တိုက်ခြင်းကို လေ့ကျင့်ခဲ့ကြပါသည်။ ထို့နောက် စစ်ရေယာဉ်(ချင်းတွင်း)ပေါ်မှာပင် အသက်ကယ်လှေ(Life Boat) တင်ချမှုလေ့ကျင့်ခန်းများတွင် အရာရှိလောင်းများအုပ်စုအလိုက် လက်တွေ့ပါဝင်လေ့ကျင့်စေခြင်း၊ ကျောက်တင်ကျောက်ချ (Anchor Work) အကြောင်းများကိုလည်း လက်တွေ့ပြသလေ့ကျင့်ခဲ့ကြပါသည်။ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီကျော်တွင် သီလဝါ၊ ဟွန်ဒိုင်းဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိခဲ့ကြရာ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက အောင်သပြေပန်းများပေးအပ်ကာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါသည်။

**ဘာသာရပ်ဆိုင်ရာများ လေ့ကျင့်သင်ယူခဲ့ကြပုံ**

အရာရှိလောင်းများအနေဖြင့် “Sea Training” အဖြစ်သွားရောက်ခဲ့ကြသော အသွားအပြန် ရေမိုင် ၆၀၀ ခရီးစဉ်၌ မိမိတို့ကောလိပ်၏ စာသင်ခန်းထဲ၌ လည်းကောင်း၊ Simulator များဖြင့် လည်းကောင်း သင်ကြားပြသခဲ့ပြီးဖြစ်သော သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာတွေ့သင်ကြားမှုများကို ရေယာဉ်ပေါ်တွင် လက်တွေ့ကျကျဆန်းစစ်လေ့လာ သင်ယူလေ့ကျင့်ခဲ့ရသည့်အတွက် ထိရောက်သည့် သင်ကြားမှုကို ဖြစ်စေပါသည်။ ရေကြောင်းအရာရှိလောင်းတို့အား လူ ၂၀ စီ အုပ်စုငယ်များခွဲ၍ ရေကြောင်းဘက်ဆိုင်ရာ ဘာသာရပ်များ (Navigation)၊ ကမ်းရိုးတန်းသွားလာမှု(Coastal Navigation)၊ ရေယာဉ်ကိုင်တွယ်ထိန်းသိမ်းရေး (Ship Handling)၊ မိုးလေဝသ ဘာသာရပ် (Meotrology) များကို သက်ဆိုင်ရာ ရေကြောင်းဘာသာရပ်ပြ ကျွမ်းကျင်ဆရာများက လက်တွေ့ကျကျ သင်ပြခဲ့ကြပါသည်။

ထို့အပြင် ကြယ်နက္ခတ်တာရာကြည့်ပြီး ရေယာဉ်တည်နေရာရှာဖွေခြင်းနှင့် လမ်းကြောင်းရွေးချယ်ခြင်း (Position Finding and Passage Planning)၊ ကြိုးချည်ကြိုးထိုးဘာသာရပ်၊ အချက်ပြစနစ်များ (Pyrotechnics) တို့ကိုလည်း လက်တွေ့ပြသ လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ ကျောက်တင်ကျောက်ချပုံ၊ အသက်ကယ်လှေချနည်း၊ ရွက်တိုက်နည်းကအစ ရေဒါ၊ GPSတို့ဖြင့် သင်္ဘောသွားလာမှု၊ ရေပုံ(Chart Work)ဖြင့် သင်္ဘောတည်နေရာရှာဖွေမှု၊ ခုတ်မောင်းမှုများကို လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ သက်ဆိုင်ရာ ဘာသာရပ်များကို သက်ဆိုင်ရာဘာသာရပ်ပြ ကျွမ်းကျင်ဆရာများက လက်တွေ့ပြသခဲ့ခြင်း၊ အရာရှိလောင်းများကိုယ်တိုင် စိတ်ပါဝင်စားစွာ လက်တွေ့လုပ်ကိုင်စေခြင်းတို့အပြင် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း (Sea Training) တွင် ပင်လယ်ပြင်မသွားမီ ကြိုတင်ပြင်ဆင်မှု၊ ဆိပ်ကမ်းနှင့် ပဲ့စင်တာဝန်လုပ်ဆောင်မှုအပါအဝင် ပင်လယ်ပြင်နေ့စဉ်လုပ်ဆောင်မှု (Daily Sea Routine Work) တို့ကို လေ့ကျင့်သင်ယူခွင့်ရရှိစေခဲ့ကြပါသည်။



မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်းသားများအား ရေကြောင်းပညာရပ်ဆိုင်ရာများကို သက်ဆိုင်ရာကျွမ်းကျင်ဆရာများက သင်ကြားပေးစဉ်။

အလားတူ အင်ဂျင်နီယာအရာရှိလောင်းများနှင့် ရေကြောင်းလျှပ်စစ်အရာရှိလောင်းများကိုလည်း ၁၀ ယောက် တစ်အုပ်စုစီခွဲ၍ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ဆရာများက လက်တွေ့သင်ကြား ပြသခဲ့ကြပါသည်။ စက်ခန်းသို့မဆင်းမီ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (Safety Practice) များကို ရေယာဉ်မှတာဝန်ရှိသူများက ရှင်းလင်းသင်ကြားပေးခြင်းအပါအဝင် စက်ခန်း (Engine Room)၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ စက်ပစ္စည်းများ၏ နေရာချထားမှုများ၊ စက်မကြီးနှင့် ဂျင်နရယ်တာများ၏ အလုပ်လုပ်ပုံ၊ အင်ဂျင်ပါရာမီတာ(Engine Parameter) များနှင့် အရေးပေါ်အခြေအနေမျိုးတွင် လုပ်ဆောင်ရမည့်အချက်များ၊ မီးစက်နှစ်လုံး ဝန်အားချိတ်ဆက်မှု (Generator Synchronizing)၊ ကွန်ပျူတာစနစ်ဖြင့် စောင့်ကြည့်သည့် Control Room၏ အလုပ်လုပ်ပုံစသည်ဖြင့် အင်ဂျင်နီယာများသိသင့်သိထိုက်သည့် ဘာသာရပ်များကို လက်တွေ့သင်ကြားပြသလေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

ပင်မအင်ဂျင်များ၊ မီးစက်များ၊ ပန့်၊ မော်တာများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်မောင်းနှင်ပြခြင်းနှင့် အရေးပေါ်မီးသတ်လေ့ကျင့်ခန်းများကိုပါ သင်ကြားလေ့ကျင့် ပေးနိုင်ခဲ့ပါသည်။

**ရရှိသောအကျိုးကျေးဇူးများ**

ယခု ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေး (Sea Training) ခရီးစဉ်သည် အရာရှိလောင်းများအား ပထဝီဝင်အနေအထားအရ အချက်အချာကျသည့် အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်၏ ဆက်စပ်ရေပြင်ရှိ ကိုကိုးကျွန်းဒေသသို့သွားရောက်လေ့လာခွင့်ရရှိခဲ့သည့်အတွက် ဒေသန္တရဆိုင်ရာ ဗဟုသုတများစွာ ရရှိခဲ့ကြပါသည်။

ထို့အပြင် ပညာရပ်ဆိုင်ရာတတ်သိမှု၊ ပင်လယ်ပြင်၏သဘောသဘာဝအရ ပြောင်းလဲဖြစ်ပေါ်တတ်သည့် လှိုင်းလေအခြေအနေအမျိုးမျိုးတွင် ရာသီမရွေး၊ နေ့ညမပြတ် တာဝန်ထမ်းဆောင်တတ်မှုစသည့် အားသာချက် အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

အရာရှိလောင်းတို့အနေဖြင့် သင်္ဘောသားတစ်ယောက်တတ်သိထားရမည့် ရေကြောင်းပညာရပ်ဆိုင်ရာများကို လက်တွေ့ကျကျသိမြင်ကာ ကိုယ်တိုင်ပါဝင်လေ့ကျင့်ခွင့်ရရှိခဲ့သဖြင့် ယုံကြည်မှုရရှိစေကာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုသဘောသဘာဝ၊ ဦးဆောင်မှုနှင့် စိတ်ရောကိုယ်ပါ ကြံ့ခိုင်စေရန် လေ့ကျင့်ပေးထားခဲ့မှုများက လွန်စွာအရေးပါအရာရောက်ကြောင်း သိမြင်လာစေပါသည်။ ထို့အပြင် စိတ်ဓာတ်ခွန်အားနှင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုတို့ကို ပင်လယ်ပြင်၌ လက်တွေ့ကျကျ ဆန်းစစ်မှု ရလဒ်အပေါ် ရယူနိုင်သည့်အသိနှင့် မှန်ကန်သည့်အမြင်များကို သိရှိစေနိုင်ခဲ့ကြပါသည်။

ပင်လယ်ပြင်တွင် ဘေးကင်းလုံခြုံပြီး အန္တရာယ်ကင်းအောင် အသက်ရှင်နေထိုင်လုပ်ကိုင်ရမည့် နည်းလမ်းကောင်းများကိုလည်း လက်တွေ့လိုက်နာသိမြင်ခဲ့ကြပါသည်။ အရေးကြုံလာပါက အသက်အန္တရာယ်မှ လွတ်မြောက်အောင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်အပေါ် ဦးဆောင်မှု၊ ပူးပေါင်းမှု၊ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းကောင်းများကိုလည်း လက်တွေ့ကျကျလုပ်ဆောင်တတ်ကာ အသိပညာများ၊ အတတ်ပညာများလည်း တိုးပွားရရှိစေခဲ့ပါသည်။

**ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများမွေးဖွားရာမြေ**ဖြစ်သော မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်သည်နိုင်ငံတော်ပိုင်ကောလိပ်တစ်ခုဖြစ်သည်နှင့်အညီ ယခုသွားရောက်ခဲ့သော အရာရှိလောင်းများ၏ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေးခရီးစဉ်တွင်လည်း နိုင်ငံတော်အကြီးအကဲ၏ စေတနာထားမှု၊ ပံ့ပိုးပေးမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်အားပေးမှု၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့၏ ကူညီဆောင်ရွက်ပေးမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပေးမှုတို့ကြောင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ အရာရှိလောင်းတို့၏ ပင်လယ်ပြင်လေ့ကျင့်ရေးခရီးစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ရေကြောင်းဘက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို အချိန်တိုအတွင်း သင်တန်းသားများအပေါ် လက်တွေ့ကျကျ၊ ထိထိရောက်ရောက် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့် ရလဒ်အကျိုးကျေးဇူးများကိုလည်း တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် ရရှိခဲ့ကြပါသည်။

နိုင်ငံအတွက် ရေကြောင်းဆိုင်ရာအကျိုးစီးပွားများသည် အနာဂတ်ကာလတိုင်အောင် အမြဲတမ်းရှင်သန်ရပ်တည်လျက်ရှိနေမည်ဖြစ်ပြီး အဓိကအခန်းကဏ္ဍမှလည်း ပါဝင်နေပေဦးမည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရေကြောင်းသွားလာရေး၊ ပို့ဆောင်ရေးအခန်းကဏ္ဍနှင့် ချိတ်ဆက်ကာ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ချက်ကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန် လိုအပ်နေပါဦးမည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် မျိုးဆက်သစ်ရေကြောင်းအရာရှိလောင်းများ၊ သင်္ဘောသားအသစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိရာ နိုင်ငံတော်အတွင်းရှိလူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရာတွင် တတ်စွမ်းသည့်ဘက်မှ ကြိုးပမ်းမျှော်မှန်းဖော်ဆောင်ပေးလျက်ရှိနေပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် နိုင်ငံခြားဝင်ငွေများ ရရှိနိုင်စေရန်အတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနေသော ရေကြောင်းဘက်ဆိုင်ရာ အတတ်ပညာသင်ကောလိပ်တစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ အစဉ်ရပ်တည်ကာ နိုင်ငံတော်အပေါ် ခေတ်ကာလအဆက်ဆက် ကျေးဇူးပြုလျက်ရှိနေမည်သာ ဖြစ်ပါတော့သည်။ ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ လာရောက်ပေးအပ်

## ငွေကျပ်သိန်းတစ်ထောင့်ငါးရာနှင့် ငွေကျပ်သိန်းနှစ်ရာ့နှစ်ဆယ် နှစ်သောင်းတစ်ထောင်သုံးရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများ ဂုဏ်ပြုပေးအပ်

နေပြည်တော် မတ် ၄

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့် ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ဂုဏ်ပြုပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ဂုဏ်ပြုပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုပေးအပ်သည့် ငွေကျပ်သိန်း တစ်ထောင့်ငါးရာနှင့် ငွေကျပ်သိန်း နှစ်ရာ့နှစ်ဆယ် နှစ်သောင်းတစ်ထောင် သုံးရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် ဒုတိယတိုင်းမှူးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ဂုဏ်ပြုပေးအပ်ခြင်းအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်အား တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လောင်းမြို့နယ်၌ ပရိယတ္တိသာသနပါလစာမေးပွဲနှင့် အစိုးရပါဠိပထမပြန်စာမေးပွဲများ ကျင်းပမည်

**နောင်တရား မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာအုပ်စု တီကျစ်မြို့မ ပရိယတ္တိစာသင်တိုက်၌ ပင်လောင်းမြို့နယ်တွင် ပထမအကြိမ် စတင်ကျင်းပမည့် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနပါလ စာမေးပွဲနှင့် အစိုးရပါဠိ ပထမပြန်စာမေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာဆိုင်ရာများ၊ ရပ်မိရပ်ဖအဖွဲ့များ ညှိနှိုင်းအစည်းအဝေးကို မတ် ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သံဃနာယက ဆရာတော်ဥက္ကဋ္ဌ တီကျစ်မြို့မ ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တဝိလာသက ပထမဆုံးအကြိမ် ကျင်းပမည့် ပရိယတ္တိသာသနပါလ စာမေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် လိုအပ်ချက်များကို ပါဝင်ဆွေးနွေးရန် မိန့်ကြားသည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာတော်သံဃာတော်များက ဆောင်ရွက်ပြီး လုပ်ငန်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ရန် ကျန်နေသည့် လုပ်ငန်းများအတွက် ဘဏ္ဍာငွေအခြေအနေနှင့် လိုအပ်ချက်အခြေအနေများကို ဆွေးနွေးညှိနှိုင်း လျှောက်ထားကြသည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က မြို့နယ်မှ ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကို တင်ပြလျှောက်ထားသည်။

ပင်လောင်းမြို့နယ်တွင် ကျင်းပမည့် ပရိယတ္တိသာသနပါလ စာမေးပွဲကို တီကျစ်ကျေးရွာအုပ်စု တီကျစ်မြို့မ ပရိယတ္တိစာသင်တိုက်၌ ဆရာတော် သံဃာတော် အပါး ၇၅၀ ဖြင့် မတ် ၇ ရက်မှ ၁၅ ရက် အထိ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ အစိုးရပါဠိပထမပြန်စာမေးပွဲကို ပင်လောင်းမြို့နယ် ရင်းမီးကျောင်းတိုက်၌ ဆရာတော် သံဃာတော် အပါး ၃၀၀ ဖြင့် ဧပြီ ၃ ရက်မှ ၁၀ ရက်အထိ ရှစ်ရက်တိုင်တိုင် ကျင်းပဖြေဆိုမည်ဖြစ်သည်။

ပင်လောင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနပါလ၊ အစိုးရပါဠိပထမပြန် စာမေးပွဲနှစ်ရပ်လုံးအတွက် သံဃာတော်များ ဆွမ်းဝိုင်းပေါင်း ၁၆၀၀ အတွက် တစ်ဝိုင်းလျှင်ငွေကျပ် ၂၅၀၀၀၊ ခဲဖွယ်ဝိုင်းပေါင်း ၁၆၀၀အတွက် တစ်ဝိုင်းလျှင် ငွေကျပ် ၁၀၀၀၀၊ ပရိယတ္တိသာသနပါလ စာမေးပွဲအတွက် အရုဏ်ဆွမ်း တစ်နပ်လျှင် ငွေကျပ် ၁၅၀၀၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ငွေကျပ် ၃၇၅၀၀၀၀၊ အစိုးရပါဠိပထမပြန် စာမေးပွဲအတွက် အရုဏ်ဆွမ်း တစ်နပ်လျှင် ငွေကျပ်၇၀၀၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ငွေကျပ် ၁၅၀၀၀၀၀၊ စာမေးပွဲ စာဖြေခုံ အလုံး ၉၀၀ အတွက် တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀ ကုန်ကျမည်ဖြစ်ပြီး အဆိုပါ ဆွမ်း၊ ခဲဖွယ်၊ စာဖြေခုံနှင့်တကွ စာအောင်ဆု၊ ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်၊ ထင်း စသည့် လှူဖွယ်ပစ္စည်းများကို တီကျစ်မြို့မ စာသင်တိုက်၊ ပင်လောင်းမြို့ မြသိန်းတန်စာသင်တိုက်၊ နောင်တရားမြို့ နောင်တရားစာသင်တိုက်၊ ပင်လောင်းမြို့ ရင်းမီးကျောင်းတိုက်၊ ပေါင်းလောင်းမြို့ ဟူပြင်မွေတော်ကျောင်းတိုက် စသည့် ကျောင်းတိုက်ကြီးများတွင် လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

**ခွန်အောင်(နောင်တရား)**

# ကံမမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး

**ကံမ မတ် ၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ဂွန်းတောင်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ပြည့်စုံနှင့် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကျော်နိုင်ဦးတို့က ပြည်သူ့စစ်မှုထမ်း ဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ် ကျင့်သုံးရသည့် အကြောင်းရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များနှင့် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ စနစ်တကျရေးဆွဲပြီးချိန်မှသာ စစ်မှုထမ်းစနစ် စတင်မည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းရန် အကျုံးဝင်သူများကို အတင်းအဓမ္မခေါ်ယူ တာဝန် ထမ်းဆောင်စေမည် မဟုတ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# တာမွေမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**တာမွေ မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ပြည်သူများ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ယနေ့နံနက်ပိုင်းက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျောက်မြောင်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်မှူး စိုးမင်းထက်တို့က ပြည်သူ့စစ်မှုထမ်းခြင်းနှင့် ပတ်သက်သည့် အမျိုးသားရေး တာဝန်များ၊ စုံစမ်းမေးမြန်းနိုင်သည့်ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများ အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ပြည်သူများထံ လိုက်လံဖြန့်ဝေပေးသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

"Invest in Women: Accelerate Progress"

"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး"

၂၀၂၄ ခုနှစ်၊ မတ်လ
(၈)ရက်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဂါဇာကမ်းမြောင်ဒေသတွင် ပစ်ခတ်တိုက်ခိုက်မှု ချက်ချင်းရပ်စဲရမည်ဖြစ်ကြောင်း အမေရိကန်ဒုသမ္မတပြော

ဝါရှင်တန် မတ် ၄

**ဆင်းရဲဒုက္ခများ အစုလိုက်အပြုံလိုက် ခံစားနေရသော ဂါဇာကမ်းမြောင်ဒေသတွင် ပစ်ခတ်တိုက်ခိုက်မှု ချက်ချင်းရပ်စဲရမည်ဖြစ်ကြောင်း အမေရိကန် ဒုတိယသမ္မတ ကာမလာ ဟားရစ်က ပြောကြားလိုက်သည်။**

ကာမလာ ဟားရစ်သည် ဂါဇာ အခြေအနေကို လူသားချင်းဆိုင်ရာ ဘေးဒုက္ခအကျပ်အတည်း ကပ်ဆိုးကြီးအဖြစ် အမေရိကန် အယ်လ်ဘားမား ပြည်နယ်တွင် မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

အစ္စရေးအစိုးရသည် မည်သည့်ဆင်ခြေမျှမပေးဘဲ ထောက်ပံ့ကူညီရေးပစ္စည်းများ လွယ်ကူချောမွေ့စွာ ပိုမိုစီးဆင်းနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း ကာမလာ ဟားရစ်က ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမားစ်တို့ကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန်နှင့် ဓားစာခံများပြန်လည်လွှတ်ပေးရန် သဘောတူညီမှုမရှိသော ဆွေးနွေးမှုများ ပေါ်ပေါက်နေချိန်တွင် ဟားရစ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မတ် ၃ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုသို့ ဟားမားစ်၊ ကာတာနှင့် တခြားစေ့စပ်ညှိနှိုင်းဆွေးနွေးသူများ ရောက်ရှိပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယုံကြည်ထားကြသည်။

သို့သော်လည်း ဟားမားစ်တို့က အသက်ရှင်ကျန်ရစ်သော ဓားစာခံစာရင်း အတိအကျမဖော်ပြသောကြောင့် အစ္စရေးနိုင်ငံက ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်သွားမည်မဟုတ်ကြောင်း အစ္စရေးမီဒီယာက ဖော်ပြခဲ့သည်။

ဂါဇာလေကြောင်းတိုက်ခိုက်မှုတွင် ဟားမားစ်အဆင့်မြင့်ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့သည်ဟု အစ္စရေးစစ်ဘက်က မတ် ၃ ရက်တွင် ပြောကြားခဲ့သည်။


အမေရိကန်ဒုတိယသမ္မတ ကာမလာဟားရစ်။

အစ္စရေးစစ်ဘက်က စစ်ရေးဆိုင်ရာ ဖိအားပေးမှုများနေချိန်တွင် ဂါဇာကမ်းမြောင်ဒေသတွင် သေဆုံးသူပေါင်းမှာ ၃၀၅၃၄ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဂျကာတာ - ဘန်ဒေါင်းမြန်နှုန်းမြင့်ရထားလမ်းမှ ခရီးသည်ပို့ဆောင်မှု နှစ်သန်းကျော်ရှိ

ဂျကာတာ မတ် ၄

အင်ဒိုနီးရှားနိုင်ငံနှင့် အရှေ့တောင်အာရှတွင် ပထမဆုံးဖြစ်သော ဂျကာတာ – ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်း (အိတ်ချ်အက်စ်အာရ်)သည် ခရီးသည် စုစုပေါင်း နှစ်သန်းကျော်ကို ပို့ဆောင်ပေးခဲ့ပြီဖြစ်ကြောင်း မတ် ၃ ရက်တွင် တရုတ်နိုင်ငံ ရထားလမ်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်က ပြောသည်။

ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ အိတ်ချ်အက်စ်အာရ်သည် ရက်ပေါင်း ၁၃၉ ရက်ကြာသည်အထိ ဘေးအန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် တရားဝင် စတင်ပြေးဆွဲပြီးနောက် ခရီးသည် စုစုပေါင်း ၂၀၀၈၃၈၇ ဦးကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိတ်ချ်အက်စ်အာရ်၏ နေ့စဉ်ရထားပြေးဆွဲမှုကို ၁၄ ကြိမ်မှ အကြိမ် ၂၀ အထိ တိုးမြှင့်ထားပြီး ခရီးသည်အရေအတွက်ကိုလည်း ၈၄၀၀ မှ ၂၄၀၀၀ ကျော်အထိ သုံးဆတိုးမြှင့်ထားသည်။ တစ်ရက်အတွင်း ခရီးသည်ပို့ဆောင်သောအများဆုံးပမာဏမှာ ၂၁၅၃၄ ဦးဖြစ်ကြောင်း သိရသည်။

အိတ်ချ်အက်စ်အာရ်သည် ၁၄၂ ဒသမ ၃ ကီလိုမီတာရှိကာ တစ်နာရီလျှင် ၃၅၀ ကီလိုမီတာနှုန်းဖြင့် အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာမှ အနောက်ဂျာဗားပြည်နယ်ရှိ ဘန်ဒေါင်းသို့ ခရီးသွားကြာချိန်ကို သုံးနာရီကျော်မှ မိနစ် ၄၀ သို့ လျှော့ချစေမည်ဖြစ်သည်။

ဆင်ဟွာ



# ဖေဖော်ဝါရီလတွင် ရေနံစိမ်းစည်ပေါင်း ၉၉ သန်းကျော် အီရတ် တင်ပို့နိုင်ခဲ့

ဘဂ္ဂဒက် မတ် ၄

အီရတ်နိုင်ငံသည် ဖေဖော်ဝါရီလတွင် ရေနံစိမ်းစည်ပေါင်း ၉၉ ဒသမ ၅၉ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း ရေနံဝန်ကြီးဌာနက မတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံမြေများမှ ရေနံစိမ်းစည် ၉၈ ဒသမ ၁၈ သန်းကို ဘတ်စ်ရာ ဆိပ်ကမ်းမှ တစ်ဆင့် တင်ပို့နိုင်ခဲ့ကြောင်း၊ နိုင်ငံမြောက်ပိုင်း နီနာဗာပြည်နယ်ရှိ ကေရာယာ ရေနံမြေမှ ရေနံစိမ်းစည် ၉၇၅၆၃၁ စည်ကို တင်ပို့နိုင်ခဲ့ကြောင်း၊ ထို့အပြင် ရေနံစိမ်းစည် ၄၃၃၁၂၆ စည်ကို အိမ်နီးချင်း ဂျော်ဒန်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့၏ ပဏာမစာရင်းအချက်အလက်များကို ကိုးကား၍ အဆိုပါ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံသည် ဇန်နဝါရီလတွင် ရေနံစိမ်းစည်ပေါင်း ၁၀၃ ဒသမ ၅ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၂၅ ဘီလီယံ ရရှိခဲ့ကြောင်းနှင့် အီရတ်နိုင်ငံ၏ စီးပွားရေးမှာ ရေနံစိမ်းတင်ပို့မှုပေါ်တွင် အဓိက အားထားနေရပြီး ယင်းက နိုင်ငံ့ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော် ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အစ္စရေးမြောက်ပိုင်းသို့ ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့က တင့်ဖျက်ဒုံးကျည်ဖြင့် ပစ်ခတ်၊ အိန္ဒိယနိုင်ငံသားတစ်ဦး သေဆုံး

ဂျေရုဆလင် မတ် ၄

အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ မတ် ၄ ရက်တွင် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့က တင့်ဖျက်ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အိန္ဒိယနိုင်ငံသားတစ်ဦး သေဆုံးပြီး အခြားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အစ္စရေး သတင်းရင်းမြစ်များက ပြောသည်။

ဒုံးကျည်သည် မာဂဲယ်လီအော့သ်ဒေသရှိ ဥယျာဉ်ခြံသို့ ကျရောက်ခဲ့ပြီး အိန္ဒိယအလုပ်သမားရှစ်ဦး ထိမှန်ခဲ့ကြောင်း အစ္စရေး Channel 12 ရုပ်သံလိုင်း သတင်းတွင် အစီရင်ခံဖော်ပြခဲ့သည်။ အဆိုပါ ဖြစ်စဉ်ကြောင့် နှစ်ဦးမှာ ပြင်းထန်ဒဏ်ရာရရှိပြီး အခြားသူများမှာ အသေးစားဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းတို့ကို လေတပ်ရဟတ်ယာဉ်များဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အစ္စရေး တပ်ဘက်ကလည်း ဒုံးကျည်ဖြင့် တိုက်ခိုက်သော နေရာဆီသို့ အမြောက်များ ပစ်ခတ်ကာ တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ဆင်ဟွာ


ဂျကာတာမြို့ရှိ ဟဲယ်လင်းဘူတာရုံ၌ လက်မှတ်ဝယ်ယူနေသည့် ခရီးသည်များကို မတ် ၃ ရက်က တွေ့ရစဉ်။

# ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၃၆ ဦးသေဆုံး

အစ္စလမ္မာဘတ် မတ် ၄

ပါကစ္စတန်နိုင်ငံ တစ်ဝန်း ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၃၆ ဦး သေဆုံးခဲ့ပြီး ၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောသည်။

သေဆုံးသူများတွင် ကလေးငယ် ၂၂ ဦးပါဝင်ပြီး အမျိုးသားကိုးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ဖြစ်ကြောင်း အင်န်ဒီအမ်အေက ပြောသည်။

အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာ ပြည်နယ်သည် အဆိုးဆုံးဖြစ်ပြီး ၂၇ ဦး သေဆုံးခဲ့သည်။ ထို့နောက် အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် သေဆုံးသူ ငါးဦးနှင့် ပါကစ္စတန် ထိန်းချုပ်နယ်မြေ ကက်ရှ်မီးယားတွင် သေဆုံးသူ လေးဦးရှိသည်။ ထို့အပြင် အိမ်ခြေ ၄၆၉ အိမ်မှာ အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပြီး လယ်ယာတိရစ္ဆာန် ၆၁ ကောင် ပျက်စီးသေဆုံးခဲ့ကြောင်း အင်န်ဒီ အမ်အေက ဖော်ပြထားသည်။ ဆင်ဟွာ

# ပဋိပက္ခတွေဖြစ်ပွားမှုက ကလေးတွေရဲ့ ပညာရေးကို ထိခိုက်စေ

လင်းလက်ကြယ်



အစ္စရေးက ဂါဇာကမ်းမြောင်ရှိ ခန်းယူနစ်မြို့အား တိုက်ခိုက်ပြီးနောက် ထိခိုက်ဒဏ်ရာရရှိသော ပါလက်စတိုင်းကလေးငယ်များ။

ဒါဇင်ပေါင်းများစွာဖြစ်ပွားနေတဲ့ ပဋိပက္ခတွေက ထောင်သောင်းချီတဲ့ ၎င်းတို့သားသမီးတွေရဲ့အနာဂတ်ကို ညှာတာမှုကင်းမဲ့စွာ လုယူခံလိုက်ရသလို ဖြစ်တဲ့အတွက် ၂၀၂၃ ခုနှစ်ဟာ အခက်အခဲဆုံး နှစ်တစ်နှစ်အဖြစ် အမှတ်ရစရာရှိနေလိမ့်မယ်လို့ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ပြောပါတယ်။

**ကလေးငယ်တွေအပေါ် ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်**

ဒါ့အပြင် အခက်အခဲဆုံးနှစ်တစ်နှစ်ဖြစ်စေတဲ့ နောက်ထပ် အချက်တစ်ချက်က လူသားချင်းစာနာထောက်ထားမှုအတွက် ရန်ပုံငွေ မလုံလောက်တာဖြစ်ပြီး အသက်ကယ်အကူအညီလိုအပ်နေတဲ့ ကလေးငယ်တွေ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေတဲ့ဇုန်တွေက ကလေးငယ်တွေအပေါ် ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်စေတယ်လို့ ယူနီဆက်ဖ် လက်ထောက်အမှုဆောင်ဒါရိုက်တာက ပြောပါတယ်။

"ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကလေးငယ်တွေအတွက် ၂၀၂၃ ခုနှစ်ဟာ အခက်အခဲဆုံးနှစ်တွေထဲက နှစ်တစ်နှစ်ဖြစ်ပြီး အထိခိုက်ဆုံးအရာတစ်ခုက ဂါဇာကမ်းမြောင်မှာဖြစ်ပွားနေတဲ့ မကြုံစဖူးပဋိပက္ခဖြစ်ပွားမှုဖြစ်တယ်လို့" အင်တာဗျူးတစ်ခုမှာ တက်ချိုင်ဘန်းဆိုသူက ပြောပါတယ်။

**ကလေးငယ်သေဆုံးမှုတွေ အလွန်များပြား**

ဂါဇာကမ်းမြောင်မှာ သေဆုံးသူတွေအနက် ကလေးငယ်သေဆုံးမှုတွေ အလွန်များပြားကြောင်းလည်း ၎င်းက ဆက်ပြောပါတယ်။ အောက်တိုဘာ ၇ ရက်မှာ ပါလက်စတိုင်းအုပ်စု ဟားမားစ်က နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုပြုလုပ်ပြီးနောက် အစ္စရေးက ဂါဇာကမ်းမြောင်ကို လေကြောင်းတိုက်ခိုက်မှုတွေ၊ မြေပြင်ထိုးစစ်ဆင်မှုတွေနဲ့ အဆက်မပြတ် တိုက်ခိုက်လျက်ရှိပါတယ်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးတစ်ခုဖြစ်ပေါ်**

ဂါဇာကျန်းမာရေးအာဏာပိုင်တွေရဲ့ ပြောကြားချက်အရ မတ် ၁ ရက်အထိ ပါလက်စတိုင်း သေဆုံးသူအရေအတွက်ဟာ ၃၀၀၀၀ ကျော်လွန်လာပြီ ဖြစ်တယ်လို့ သိရပါတယ်။ ၎င်းက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးတစ်ခုကိုဖြစ်ပေါ်စေတယ်လို့ ဆိုပါတယ်။

**အရေးပေါ်ရန်ပုံငွေ တောင်းခံ**

ပဋိပက္ခတွေက ကလေးငယ်တွေအပေါ် ပြင်းပြင်းထန်ထန်ထိခိုက်မှုရှိတဲ့အပြင် ရာသီဥတုကြောင့်လည်း နေရပ်စွန့်ခွာမှုတွေ မြင့်တက်လာကြောင်း တက်ချိုင်ဘန်းက ပြောပါတယ်။ ၂၀၂၃ ခုနှစ်မှာ ယူနီဆက်ဖ်က အမျိုးသမီး ၅၄ သန်းနဲ့ မသန်စွမ်းကလေးငယ် ၁၀ သန်းအပါအဝင် လူပေါင်း သန်း ၁၁၀ ကျော်တို့ကို ထောက်ပံ့ကူညီပေးဖို့ အရေးပေါ်ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ သန်း တောင်းခံခဲ့ပါတယ်။

အဲဒီတောင်းခံမှုက ဟေတီ၊ ဆာဟဲလ်၊ ကွန်ဂို၊ အာဖရိက ဦးချိုဒေသ၊ ပါကစ္စတန်၊ ယူကရိန်း၊ ဆူဒန်၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ အာဖဂန်နစ္စတန်နဲ့ မြန်မာတို့အပါအဝင် အကျပ်အတည်းဖြစ်ပေါ်နေတဲ့ နေရာဒေသတွေအတွက် ရည်ရွယ်တယ်လို့ ဆိုပါတယ်။

**မိတ်ဖက်အေဂျင်စီအချို့နဲ့ လက်တွဲဆောင်ရွက်သွားဖို့ ရည်ရွယ်**

ပိုမိုထိရောက်စေဖို့အတွက် ယူနီဆက်ဖ်က လာမယ့်နှစ်မှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကဲ့သို့ မိတ်ဖက်အေဂျင်စီအချို့နဲ့ လက်တွဲဆောင်ရွက်သွားဖို့ ရည်ရွယ်ထားတယ်လို့ တက်ချိုင်ဘန်းက ပြောပါတယ်။ ၂၀၂၄ ခုနှစ်မှာ ယူနီဆက်ဖ်က နိုင်ငံပေါင်း ၁၅၅ နိုင်ငံရှိ ကလေးငယ် ၉၃ ဒသမ ၇ သန်းထက်မနည်း ကူညီထောက်ပံ့ပေးနိုင်ဖို့အတွက် အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံ တောင်းခံမှုကို စတင်လိုက်ပါတယ်။

**ရန်ပုံငွေလိုအပ်ချက်တောင်းဆိုမှုထိပ်တန်းငါးခု**

၂၀၂၄ ခုနှစ် ရန်ပုံငွေလိုအပ်ချက်တောင်းဆိုမှု ထိပ်တန်းငါးခုမှာ အာဖဂန်နစ္စတန်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံ၊ ဆီးရီးယားဒုက္ခသည်တွေနဲ့ အခြားဒုက္ခသည်တွေအတွက် အမေရိကန်ဒေါ်လာ သန်း ၈၆၀၊ ဆူဒန်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ သန်း ၈၄၀၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအတွက် အမေရိကန် ဒေါ်လာ ၈၀၄ သန်း၊ ယူကရိန်းနဲ့ ဒုက္ခသည်တုံ့ပြန်ဆောင်ရွက်မှုအတွက် အမေရိကန်ဒေါ်လာ သန်း ၅၈၀ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေထဲမှာ ဝက်သက်ရောဂါကာကွယ်ရေးထိုးနှံဖို့ ကလေးငယ် ၁၇ ဒသမ ၃ သန်းနဲ့ ပြင်းထန်တဲ့ အာဟာရချို့တဲ့မှုကို ကုစားနိုင်ဖို့ ကလေးငယ် ၇ ဒသမ ၆ သန်းပါဝင်တယ်လို့ ဆိုပါတယ်။

**ကလေးငယ် သန်းပေါင်းများစွာရဲ့ ပညာသင်ကြားခွင့်<br>ဆက်လက်ထိခိုက်**

၂၀၂၃ ခုနှစ်မှာ ငလျင်လှုပ်မှုတွေ၊ ပဋိပက္ခတွေ၊ ရေးကြီးရေလျှံမှုတွေ ဖြစ်ပွားခဲ့မှုက ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်တွေရဲ့ ပညာရေးကို ထိခိုက်မှုဖြစ်ပွားခဲ့ပါတယ်။ ဒါ့အပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ စားနပ်ရိက္ခာအကျပ်အတည်း၊ နေရပ်စွန့်ခွာရမှု၊ ကိုဗစ်-၁၉ နောက်ဆက်တွဲရလဒ်တွေကြောင့်လည်း ကလေးငယ်သန်းပေါင်းများစွာရဲ့ ပညာသင်ကြားခွင့်ကို ဆက်လက်ထိခိုက်စေခဲ့ပါတယ်။

ခွဲခြမ်းစိတ်ဖြာမှုတွေအရ ဆိုမာလီယာနဲ့ အာဖဂန်နစ္စတန်နိုင်ငံဟာ ပညာရေးကို အနှောင့်အယှက်ဖြစ်စေမယ့် အနာဂတ်အကျပ်အတည်းတွေ ဆက်လက်ဖြစ်ပွားမှုအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ သိရပါတယ်။ ယင်းနောက် အညွန်းကိန်းအမြင့်ဆုံးနိုင်ငံတွေထဲမှာ ဆူဒန်၊ ယီမင်၊ မာလီနဲ့ ဆီးရီးယားနိုင်ငံတို့နဲ့အတူ နောက်ထပ် ၂၅ နိုင်ငံဟာ အန္တရာယ်မြင့်မားတဲ့ အခြေအနေမှာ ရှိတယ်လို့ ဆိုပါတယ်။

**မူလတန်းကျောင်းနေအရွယ် ကလေး ၅၅ ရာခိုင်နှုန်းခန့်<br>စာသင်ကြားခွင့်မရ**

လေးနှစ်အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုအကြား ဆိုမာလီယာနိုင်ငံရှိကလေးသန်းပေါင်းများစွာရဲ့ပညာရေးမှာ ပြိုလဲမယ့်အခြေအနေနဲ့ အလွန်အမင်းရင်ဆိုင်နေရပြီး လက်ရှိမှာ မူလတန်းကျောင်းနေအရွယ် ကလေး ၅၅ ရာခိုင်နှုန်းခန့်မှာ စာသင်ကြားခွင့်မရကြဘူးလို့ ဆိုပါတယ်။

**အရေးပေါ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုလိုအပ်**

ဆိုမာလီယာမှာ အကြမ်းဖက်မှုနဲ့ နေရပ်စွန့်ခွာမှု များပြားလာခြင်းက ကလေးငယ်တွေရဲ့ ပညာရေးကို အနှောင့်အယှက် ဖြစ်စေကြောင်းနဲ့ နိုင်ငံတစ်ဝန်း ကလေးငယ်စုစုပေါင်း ၄ ဒသမ ၈ သန်းမှာ စာသင်ကြားခွင့်မရဘဲ ၃ ဒသမ ၅ သန်းမှာ အရေးပေါ်ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုလိုအပ်ကြောင်း ယူနီဆက်ဖ်က ပြောပါတယ်။

❑ ယူနီဆက်ဖ်က လာမယ့်နှစ်မှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကဲ့သို့ မိတ်ဖက်အေဂျင်စီအချို့နဲ့ လက်တွဲဆောင်ရွက်သွားဖို့ ရည်ရွယ်ထားတယ်လို့ တက်ချိုင်ဘန်းက ပြောပါတယ်။ ၂၀၂၄ ခုနှစ်မှာ ယူနီဆက်ဖ်က နိုင်ငံပေါင်း ၁၅၅ နိုင်ငံရှိ ကလေးငယ် ၉၃ ဒသမ ၇ သန်းထက်မနည်း ကူညီထောက်ပံ့ပေးနိုင်ဖို့အတွက် အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံ တောင်းခံမှုကို စတင်လိုက်ပါတယ်

● ၂၀၂၃ ခုနှစ်မှာ ငလျင်လှုပ်မှုတွေ၊ ပဋိပက္ခတွေ၊ ရေးကြီးရေလျှံမှုတွေ ဖြစ်ပွားခဲ့မှုက ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်တွေရဲ့ပညာရေးကို ထိခိုက်မှုဖြစ်ပွားခဲ့ပါတယ်။ ဒါ့အပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ စားနပ်ရိက္ခာအကျပ်အတည်း၊ နေရပ်စွန့်ခွာရမှု၊ ကိုဗစ်-၁၉ နောက်ဆက်တွဲရလဒ်တွေကြောင့်လည်း ကလေးငယ်သန်းပေါင်းများစွာရဲ့ ပညာသင်ကြားခွင့်ကို ဆက်လက်ထိခိုက်စေခဲ့



ကုန်းဘက်မှ ကုန်တင်ယာဉ်ကြီးများဖြင့် သင်္ဘောကြီးပေါ်သို့ ဆန်တင်ရန်ပြင်ဆင်နေစဉ်။



MITT ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့မည့်ပြောင်းဆန်များ ရေဘက်မှ သင်္ဘောကြီးပေါ်သို့ Grab ဖြင့် တင်နေစဉ်။

❑ကျောဖုံးမှ

ထွက်ကုန် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂ ဘီလီယံနီးပါးကို ပင်လယ်ရေကြောင်းမှ ပြည်ပသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပွင့်လင်းရာသီဖြစ်သော ၂၀၂၃ အောက်တိုဘာလမှစ၍ မြန်မာ့လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို ပြည်ပသို့ တိုးမြှင့်တင်ပို့လာခဲ့ရာ ယခုနှစ် မတ် ၁ ရက်တွင် ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ကမ်းတံတားများတွင် အပြည့်ပြည့်ဆိုင်ရာ သင်္ဘောကြီးများ တံတားနေရာအပြည့်ဆိုက်ကပ်၍ ကုန်တင်ကုန်ချ ဆောင်ရွက်လျက်ရှိသဖြင့် ဆိပ်ကမ်းတံတားများအတွင်း ကုန်စည်ပို့ဆောင်ရေးကိုယ်စားလှယ်များ၊ ကုန်တင်ယာဉ်ကြီးများဖြင့် စည်ကားလျက်ရှိသည့်အပြင် နေ့/ညအဆိုင်းလိုက် တာဝန် ထမ်းဆောင်နေကြသည့် ဆိပ်ကမ်းဝန်ထမ်းများနှင့် လုပ်သားကြီးများဖြင့်လည်း လှုပ်ရှားစည်ကားလျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် ၃၈၄၄၀၅ တန် တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁လအတွင်း စုစုပေါင်း ဆန်တန်ချိန် ၁၄၆၅၇၉၃ တန် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဆန်တင်ပို့ရာတွင် ကုန်သေတ္တာဖြင့်တင်ပို့မှု များပြားခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်ကာလ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သေတ္တာ ပြတ်လပ်ရှားပါးမှုကြောင့် အထွေထွေကုန်စည်တင်သင်္ဘောများကို ပိုမိုအသုံးပြု၍ ဝမ်းပုံစနစ်ဖြင့် တင်ပို့ခဲ့ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ကုန်သေတ္တာဖြင့် ဆန်တင်ပို့မှုသည် ဝမ်းပုံစနစ်ဖြင့် တင်ပို့မှု၏ နှစ်ဆခန့်ရှိကြောင်းနှင့်ဆန်ကို ဥရောပနှင့် အာဖရိကနိုင်ငံများအပြင် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် အခြားအာရှနိုင်ငံအချို့တို့သို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဖေဖော်ဝါရီလအတွင်း ပဲအမျိုးမျိုး ၁၅၆၉၅၀ တန် တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်း ပဲတန်ချိန် ၁၂၉၂၇၆၆ တန် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ပသို့ ပဲအမျိုးမျိုး တင်ပို့ရာတွင် ကုန်သေတ္တာများဖြင့်သာ အဓိကထား တင်ပို့လေ့ရှိကြောင်းနှင့် အိန္ဒိယနှင့်အခြားအာရှနိုင်ငံ အချို့တို့သို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြောင်းရာသီဖြစ်၍ ယခုနှစ်ဖေဖော်ဝါရီလအတွင်း ပြောင်းတန်ချိန် ၃၆၅၄၇၂ တန် တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်း ပြောင်းတန်ချိန် ၈၉၁၀၃၈ တန် တင်ပို့ခဲ့ပြီးသည့်အနက် ဖေဖော်ဝါရီလတွင် အများဆုံး တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပသို့ ပြောင်းတင်ပို့ရာတွင် အထွေထွေကုန်စည်တင် သင်္ဘောများကို အသုံးပြု၍ ဝမ်းပုံစနစ်ဖြင့်တင်ပို့မှု ၇၅ ရာခိုင်နှုန်း၊ ကုန်သေတ္တာဖြင့် တင်ပို့မှု ၂၅ ရာခိုင်နှုန်းရှိကြောင်းနှင့် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ အများဆုံး တင်ပို့လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းနှင့် ကန်တန်ဆိပ်ကမ်းများသို့ ကုန်တန်ချိန် ၂၇၀၀-၃၀၀၀ ခန့် တင်ဆောင်နိုင်သော ပြည်တွင်းလုပ်ငန်းရှင်များ ပိုင်ဆိုင်သည့် သင်္ဘောငယ်များဖြင့်လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။



AWPT ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့မည့် ပဲနှင့်အခြားကုန်သေတ္တာများ သင်္ဘောတင်နေစဉ်။

ပွင့်လင်းရာသီကာလအတွင်း ပြည်ပသို့ ဆန်နှင့်ကောက်ပဲသီးနှံများ တင်ပို့ရာတွင် သင်္ဘောကြီးများ နှောင့်နှေးကြန့်ကြာခြင်းမရှိဝင်/ထွက်နိုင်ရေး၊ သတ်မှတ်အချိန်အတိုင်း သင်္ဘောတင်ပြီးစီးနိုင်ရေး၊ အလေအလွင့် အနည်းဆုံးဖြင့် အရည်အသွေးနှင့် အရေအတွက်ပြည့်မီစွာ တင်ပို့နိုင်ရေးတို့အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လိုအပ်သည့် ကြီးကြပ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နှင့် ဆန်၊ ပဲ၊ ပြောင်း ပို့ကုန် လုပ်ငန်းရှင်ကြီးများနှင့်လည်း အခါအားလျော်စွာ တွေ့ဆုံ၍ ၎င်းတို့၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ကုန်သေတ္တာ လိုအပ်ချက်မရှိစေရေးအတွက် အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ UMFCCI နှင့် MIFFA တို့မှ တာဝန်ရှိသူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



Wilmar ဆိပ်ကမ်းတံတားရှိ တစ်နေ့တန်(၁၀၀၀)ကျ ဆန်စက်ဖြင့် ပြည်ပတင်ပို့မည့်ဆန်များ ကြိတ်ခွဲနေစဉ်။



IBTT ဆိပ်ကမ်းတံတားတွင် ပြည်ပတင်ပို့မည့်ပြောင်းဆန်များ သိုလှောင်ရုံအတွင်း စနစ်တကျသိုလှောင်ထားရှိစဉ်။

# ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ မတ် ၂ ရက်အထိ ကန်ဒေါ်လာ သုံးသန်းကျော် ကုန်သွယ်ဆောင်ရွက်




ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် မတ်လ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ၂၀ ဒသမ ၀၀ ဒေါ်လာသန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၂၂ ဒသမ ၅၀ ဒေါ်လာသန်း ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ် ၂ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၂ ဒသမ ၇၄၀ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၂၆၁ ဒေါ်လာသန်း စုစုပေါင်း ၃ ဒသမ ၀၀၂ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၃ ဒသမ ၃၄၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိက ပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောတင်ပို့မှုအနေဖြင့် တန် ၁၅၀၀၀ ၊ ကြက်သွန်နီ ၂၇၃ တန်၊ ငရုတ်သီး တန် ၁၇၀၊ ဖရဲသီးတန် ၂၀၀ နှင့် ရွှေဖရုံသီး ၅၃၉ တန် တင်ပို့နိုင်ခဲ့ပါသည်။

အများဆုံး သွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ Iron Pipe၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်းတန် ၁၁၉ ဒသမ ၁၀ ၊ လုပ်ငန်းသုံးပစ္စည်း တန် ၄၆၃ ဒသမ ၃၀ နှင့် လူသုံးပစ္စည်း တန် ၁၇၈ ဒသမ ၈၀ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**DOT (ကံပိုင်တည်)**

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေး စခန်းအနေဖြင့် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်တန် ၁၁၅၃ ဒသမ ၀၀၀ ၊ ဆန်ကွဲ တန် ၃၆၁ ဒသမ ၂၅၀၊ ကြက်သွန်နီတန် ၃၃ ဒသမ ၀၀၀၊ သခွားမွှေးတန် ၇၉၇ ဒသမ ၅၀၀၊ ပဲယင်းတန် ၃၃ ဒသမ ၅၀၀ ၊ ထောပတ်ပဲတန် ၃၃ ဒသမ ၀၀၀ ၊ ကော်ဖီမစ်တန် ၈ ဒသမ ၃၀၀ ၊ နှမ်းဖြူတန် ၁၉ ဒသမ ၁၅၀၀၊ မြေပဲဆန်တန် ၆၂ ဒသမ ၅၀၀ ၊ မြေထောက်ပဲတန် ၉၀၈ ဒသမ ၀၀၀ ၊ ဖရဲသီး ၃၇၃၀ ဒသမ ၀၀၀ ၊ သီဟိုဠ်စေ့ တန် ၃၂ ဒသမ ၀၀၀ ၊ ကြံတန် ၅၈၅ ဒသမ ၀၀၀ ၊ တစ်သျှူးငှက်ပျောတန် ၃၉၀၄ ဒသမ ၀၀၀၊ ငရုတ်ဆော့ တန် ၀ ဒသမ ၅၀၀ ၊ ပဲကြီးတန် ၃၃ ဒသမ ၀၀၀ ၊ ငရုတ်သီးခြောက်တန် ၁၆ ဒသမ ၀၀၀ နှင့် ဆီးစေ့ဆန် တန် ၁၆ ဒသမ ၅၀၀ တင်ပို့နိုင်ခဲ့သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းတွင် သံတန် ၄၆ ဒသမ ၀၀၀၊ ဂျပ်ဖာတန် ၄၉ ဒသမ ၉၀ ၊ အိတ်အမျိုးမျိုးတန် ၈ ဒသမ ၀၀၀ ၊ ကုန်စုံတန် ၇၃၆ ဒသမ ၈၃၀ ၊ ၂၀၁၅၂ ခု၊ အရန် ၃၄၁၀၀ ၊ စက္ကူတန် ၃၀ ဒသမ ၀၀၀ ၊ ဖော့တန် ၅ ဒသမ ၀၀၀ ၊ စက္ကူလိပ်တန် ၁၅ ဒသမ ၀၀၀ ၊ ဆေးပစ္စည်းအခု ၁၀၈၆၅၈၀ ၊ ကြက်အူချောင်းတန် ၁၁ ဒသမ ၇၆၀ ၊ မြက်ခင်းတုတန် ၈ ဒသမ ၀၀၀ ၊ အခင်းတန် ၉ ဒသမ ၀၀၀ နှင့် ဖိနပ်အရန် ၂၇၀၀၀ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**DOT (လွယ်ဂျယ်)**

# စဥ့်ကိုင်မြို့နယ်၌ ဆောင်းကုလားပဲများ ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ စဥ့်ကိုင်မြို့နယ်တွင် စပါးကို အဓိကထားစိုက်ပျိုးပြီး မိုးစပါးများ ရိတ်သိမ်းပြီးချိန်တွင် ဆောင်းကုလားပဲများကိုလည်း စိုက်ပျိုးလျက်ရှိရာ စဥ့်ကိုင်မြို့နယ်တွင် ဆောင်းကုလားပဲစိုက်ဧက ၁၆၃၀၄ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းကုလားပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ရိုးရိုးကုလားပဲမျိုးနှင့် V2 ကုလားပဲ အဖြူလုံးကြီးမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုအချိန်တွင် ဆောင်းကုလားပဲများ ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကပျမ်းမျှ အထွက်နှုန်းအနေဖြင့် ၇-၈ တင်းခန့်ထွက်ရှိကြောင်း၊ ကုလားပဲဈေးနှုန်းအနေဖြင့် ကုလားပဲရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ဖြင့်လည်းကောင်း၊ ကုလားပဲ V2 တစ်တင်းလျှင် ငွေကျပ် ၈၇၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်နေပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၄၅၀၀၀၀-၅၀၀၀၀၀ ခန့် ရရှိကြောင်း၊ ကုလားပဲသီးနှံသည် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်ရရှိကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA(မန္တလေး)**




# ကျောက်ဆည်ခရိုင်တွင် ပဲကြီးအစိုများ စတင်ထွက်ပေါ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကိုလည်း မိသားစုအပိုဝင်ငွေရရှိရေးအတွက် ရာသီအလိုက် စိုက်ပျိုးကြကြောင်း၊ ပဲကြီးသီးနှံကို ယခင်က လယ်ကန်သင်းရိုးများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် ယာမြေ၊ လယ်မြေနှင့် ကိုင်းကျွန်းမြေများတွင်လည်း အများအပြား စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်ခရိုင်တွင် ပဲကြီးသီးနှံ ၁၄၃၅ ဧက စိုက်ပျိုးထားကြောင်း ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းရရှိကြောင်း၊ စိုက်ပျိုးပြီး လေးလခန့်အကြာ ပဲကြီးသီးနှံများ ရင့်မှည့်လာချိန်တွင် တောင်သူအများစုမှာ ပဲကြီးအစိုများကို ခူးဆွတ်ရောင်းချကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ခန့်ကုန်ကျပြီး ဈေးနှုန်းအနေဖြင့် ပဲကြီးသီးနှံ ပေါ်ဦးပေါ်စအချိန်တွင် ပဲကြီးအစို တစ်ပြည်လျှင် ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း၊ ပဲကြီး အခြောက်တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀ ဖြင့်လည်းကောင်း ရောင်းချကြကြောင်း၊ ပဲကြီးသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ မိသားစုအပိုဝင်ငွေရရှိရုံသာမက ကျွဲစာ၊ နွားစာများ ဖူလုံစွာရရှိသောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံဖြစ်ကြောင်း သိရသည်။

**DOCA(မန္တလေး)**

# ၄-၃-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၁၅၀ | ၁၈၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၃၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၂၁၅ | ၁၆၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၁၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၅၉၀၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၆၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၆၆၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၁၀၀ | ၄၄၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၄၁၅ | ၁၅၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၃၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | | ၆၈၀၀ | ၁၄၀၀၀ | ၆၀၄၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၂၄၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# ဆိုလာစနစ်ဖြင့် ရေပေါ်သောင် လျှပ်စစ်ရေတင်လုပ်ငန်းနှင့် သပြေတန်းလျှပ်စစ်ရေတင်လုပ်ငန်းများ ဖွင့်လှစ်


ဆိုလာစနစ်ရေတင်လုပ်ငန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုနေစဉ်။

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဆိုလာစနစ်ဖြင့် ရေတင်လုပ်ငန်းများဖြစ်သည့် ထန်းတပင်မြို့နယ် ရေပေါ်သောင်လျှပ်စစ်ရေတင်လုပ်ငန်းနှင့် တိုက်ကြီးမြို့နယ် သပြေတန်းလျှပ်စစ်ရေတင်လုပ်ငန်းများ ဖွင့်ပွဲကို မတ် ၃ ရက်က အဆိုပါရေတင်လုပ်ငန်းနေရာများတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီးလမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ထန်းတပင်မြို့နယ် ရေတွင်းကုန်း-မြို့ချောင်း-တော်လတ္တီရွာသာလမ်း မိုင်တိုင်အမှတ် ၁၀/၂ နှင့် ၁၀/၄ တွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရေပေါ်သောင်ကျေးရွာမှ လယ်မြေ ၁၃ ဧကတွင် မျိုးစေ့ချကိရိယာဖြင့် ဆင်းသုခမျိုးစိုက်ပျိုးထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ထန်းတပင်ရေပေါ်သောင် လျှပ်စစ်ရေတင်လုပ်ငန်းနှင့် တိုက်ကြီးမြို့နယ် သပြေတန်းလျှပ်စစ်ရေတင်လုပ်ငန်းဖွင့်ပွဲများကို တက်ရောက်ပြီး အခမ်းအနားကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ရေပေါ်သောင်နှင့် သပြေတန်းလျှပ်စစ်ရေတင်လုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရေပေါ်သောင်နှင့် သပြေတန်း လျှပ်စစ်ရေတင်လုပ်ငန်းတို့တွင် ၁၆၀ ကီလိုဝပ်ဆိုလာတစ်စုံစီ တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဆိုလာစနစ်ဖြင့် ရေစတင်ပေးဝေဖြန့်ဖြူးနိုင်ခဲ့ကြောင်း၊ ရေပေါ်သောင်ကျေးရွာ လျှပ်စစ်ရေတင်လုပ်ငန်းတွင် နွေစပါးဧက ၁၃၀၀၊ သပြေတန်းကျေးရွာ လျှပ်စစ်ရေတင်လုပ်ငန်းတွင် ဧက ၁၃၅၀ တို့အား ရေပေးဝေနိုင်ကြောင်း၊ ဆိုလာစနစ်ဖြင့် တစ်ရက်လျှင် ခုနစ်နာရီအထိ ရေမောင်းနှင်နိုင်သဖြင့် လျှပ်စစ်မီတာယူနစ်တစ်ရက်လျှင် ၁၁၂၀ ကီလိုဝပ်နာရီ သက်သာပြီး နွေစပါးတစ်ရာသီ (ရက်ပေါင်း ၁၀၀)အတွက် လျှပ်စစ်မီတာ ယူနစ် ၁၁၂၀၀၀ ကီလိုဝပ်နာရီ သက်သာ၍ ဓာတ်အားခကုန်ကျငွေ ပျမ်းမျှ ကျပ် ၁၆ ဒသမ ၈ သန်း သက်သာပြီး ဓာတ်အားခကုန်ကျငွေများကို အခြားရေတင်လုပ်ငန်းများတွင် သုံးစွဲနိုင်ခဲ့ကြောင်း၊ ဆိုလာစနစ်ကိုအသုံးပြုပြီး မော်တာနှင့် ပန့်တစ်စုံ တပ်ဆင်ထားခြင်းအားဖြင့် လျှပ်စစ်ဓာတ်အား မရရှိသော်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (နေရောင်ခြည်)ကိုအသုံးပြု၍ ဆိုလာစနစ်ဖြင့် ရေပေးဝေမှုအခက်အခဲမရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# ကျွန်းစုမြို့ ကလေးအလုပ်သမားများ ပြန်လည်ကုစားရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကျွန်းစု မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအစီအစဉ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၃ ရက်က ပြုလုပ်သည်။

အသိပညာပေး အစီအစဉ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးက ဆွေးနွေးပွဲ ပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီနွဲ့က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးသူငယ်များကို အလုပ်လုပ်ကိုင်စေခြင်းနှင့် အဆိုးရွားဆုံး အလုပ်လုပ်ကိုင်စေမှုများ၊



အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

ထက်မြင့်(ကျွန်းစု)

# ဆင်ပေါင်ဝဲမြို့နယ်၌ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန် လယ်ယာမြေထွန်ယက်ပြုပြင်

**ဆင်ပေါင်ဝဲ မတ် ၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက နွေသီးနှံလျာထားချက်ဧကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင် လုပ်ကိုင်နေကြကြောင်း သိရသည်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရန်အတွက် နွေစပါး စိုက်ဧက ၁၀၀ လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံတောင်သူများက နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရန် သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားနိုင်ရေးအတွက် မိမိတို့၏ လယ်ယာမြေများကို မြေဆီလွှာကောင်းမွန်စေရန် မြေဩဇာထည့်သွင်း၍ ထယ်ရေးညက်အောင် ထွန်ယက်ခြင်း၊ ပေါင်းမြက်နှင့်အမှိုက်များ ရှင်းလင်းခြင်း စသည့် လုပ်ငန်းများကို လုပ်ကိုင်နေကြကြောင်း သိရသည်။

ထို့အပြင် ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးရာတွင် တစ်ဧကေပန်းတိုင်အထွက်နှုန်းများရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးရေးနည်းပညာများနှင့် စိုက်ပျိုးရေးသွင်းအားစု ပစ္စည်း စနစ်တကျသုံးစွဲနည်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ အထွက်နှုန်းကောင်းသော ဆာဖိုးသာစပါးမျိုးစေ့များ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# မိတ္ထီလာမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်မည်

**မိတ္ထီလာ မတ် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်နည်းပညာ သင်တန်းကို ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)ရှိ လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)အနေဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရက်ကန်းပညာအခြေခံသင်တန်းနှင့် အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းနှစ်မျိုးကို ဖွင့်လှစ်လျက်ရှိရာ ရက်ကန်းအခြေခံပညာသင်တန်းတွင် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သင်တန်း၊ စက်ရက်ကန်းသင်တန်းများကို ဖွင့်လှစ်လျက်ရှိပြီး အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းတွင် စက်ချုပ်နည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်း၊ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



အခြေခံစက်ချုပ် သင်တန်းဆင်းများနှင့် စက်ချုပ်ပညာရပ်ကို အခြေခံအဆင့် တတ်မြောက်ထားသူ ၁၀ ဦးအား အဆင့်မြင့်စက်ချုပ်နည်းပညာသင်တန်းကို မတ် ၁၅ ရက်မှ ၂၄ ရက်အထိ အခမဲ့ဖွင့်လှစ်ပို့ချပြီး ရင်ဖုံးအင်္ကျီ၊ ရင်ခံအင်္ကျီ၊ မြန်မာပွဲတက်ဝတ်စုံ၊ လုံချည်စကတ်ချုပ်နည်းများကို သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် အဆင့်မြင့် စက်ချုပ်နည်းပညာသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းတင်ထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# သာယာဝတီမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၅၆၀ ဝင်ရောက်ဖြေဆိုမည်

**သာယာဝတီ မတ် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနနှစ်ခု၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၅၆၀ ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းတွင် မတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ သာယာဝတီမြို့နယ် သာယာဝတီစာစစ်ဌာန၌ ကျောင်းတွင်းဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၁၄၇ ဦး၊ ပြင်ပမှ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး၊ သုံးဆယ်စာစစ်ဌာနတွင် ကျောင်းတွင်းဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၀၄ ဦး၊ ပြင်ပမှဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ နှစ်ဦးဖြစ်သည်။

သာယာဝတီမြို့နယ်၌ ယမန်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနတစ်ခုသာ သတ်မှတ်၍ ကျောင်းသား ကျောင်းသူ ၃၆၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်သူ၂၆၄ ဦး၊ အောင်ချက်ရာနှုန်းမှာ ၇၁ ဒသမ ၇၄ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

သန့်ဇော် (ပြန်/ဆက်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ရည်မှန်းချက်ထားရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအားလုံး ကျန်းမာပျော်ရွှင်ရေး၊ သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျထည့်သွင်း ပေါင်းစပ်ခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့ကို ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများအပါအဝင် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုပြဿနာများသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အနှံ့အပြားတွင် ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု အနည်းဆုံးဖြစ်စေရေးကို ဦးတည်၍ ထိရောက်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေပြည်တော်သည် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော မြို့ကြီးများဆု (ASEAN Environmental Sustainable Cites Award)ကို ၂၀၁၇ ခုနှစ်တွင် ရရှိထားပြီး Clean City၊ Green City၊ Smart City မြို့တော်ဖြစ်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ ဈေးကွက်တွင် ပိုမိုများပြားလာခြင်း၊ ပိုမိုထုတ်လုပ်သုံးစွဲလာခြင်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်တွင် ပိုမိုများပြားလာခြင်း၊ ကုန်းမြေအခြေပြု ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် မြစ်/ချောင်းများမှတစ်ဆင့် အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ရေနေသတ္တဝါများနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများကို ကာကွယ်ထိန်းချုပ်နိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ နေပြည်တော် ပလတ်စတစ်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို ကော်မတီဝင်ဌာနဆိုင်ရာများက အားသွန်ခွန်စိုက် အလေးထားပူးပေါင်း ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုသည် လူသားများ၏ ကျန်းမာရေး အပါအဝင် အခြားသောသက်ရှိ ဂေဟစနစ်များ ယိုယွင်းပျက်စီးခြင်းကို ဖြစ်ပေါ်စေနိုင်သဖြင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ်ကို လျှော့နည်းသက်သာစေရေး အတွက် လုပ်ငန်းအစီအစဉ်များကို လုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်ဌာနများအနေဖြင့်လည်း မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် နေပြည်တော်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းကော်မတီတို့၏ အတွင်းရေးမှူး၊ နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# အောင်လံမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ ဥစားကြက်မွေးမြူသူ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**အောင်လံ မတ် ၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်တို့သည် အောင်လံမြို့နယ်၌ ဥစားကြက်မွေးမြူရေးဇုန် ဖော်ထုတ်ရေးအတွက် မြေနေရာကြည့်ရှုခြင်းနှင့် ဥစားကြက်မွေးမြူသူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ ယနေ့နံနက်ပိုင်းက တက်ရောက်သည်။

တွေ့ဆုံပွဲတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့က အမှာစကားများပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်က ဥစားကြက်မွေးမြူရေးဇုန်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာသော မွေးမြူရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**မျိုးသိန်း(ပြန်/ဆက်)**

# သင်တန်းထူးချွန်သူများကိုယ်တိုင် ထုတ်လုပ်ထားသော လက်မှုပစ္စည်းများကြည့်ရှု

**လဟယ် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်း၊ ကြိမ်၊ ဝါးလက်မှုထည်သင်တန်းနှင့် စက်ချုပ်နည်းပညာသင်တန်း ထူးချွန်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လဟယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး နာဂဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒေသတာဝန်ခံ ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြိမ်၊ ဝါး၊ လက ်မှုထည်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသားငါးဦးအတွက် တစ်ဦးလျှင် တန်ဖိုးငွေကျပ် ၁၂ သိန်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းကို လည်းကောင်း၊ အဆင့်မြင့် စက်ချုပ်နည်းပညာသင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူ တစ်ဦးလျှင် တန်ဖိုးငွေကျပ် လေးသိန်းနှင့်ညီမျှသော အပ်ချုပ်စက် သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်တိုင် ကြိမ်ဝါးများဖြင့် ထုတ်လုပ်ထားသော လက်မှုထုတ်ကုန်နှင့် ထောက်ပံ့ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **ယွန်း(မုံရွာကိုယ်ပွား)**



# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ပခုက္ကူ မတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို မတ် ၃ ရက်က ပြုလုပ်သည်။



အဆိုပါ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ် လူရွယ်များ အသိပညာဗဟုသုတများ ကြွယ်ဝစေရေး ဌာနရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာစောင်များ ငှားရမ်းပေးနေမှုများ၊ စာဖတ်ဝိုင်း၊ ပုံပြင်၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများနှင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှု အကြောင်းအရာများ၊ ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်နှင့် ဆရာမများ၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ် သင်တန်း အမှတ်(၇)သင်တန်းသူများ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဝန်ထမ်းများက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ရုရှားနိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာသတင်းဓာတ်ပုံပြိုင်ပွဲသို့ လူငယ်ဓာတ်ပုံသတင်းထောက်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အခြေစိုက် Rossiya Segodnya မီဒီယာက ကြီးမှူးကျင်းပသည့် Andrei Stenin International Press Photo Contest သို့ အသက် ၁၈ နှစ်မှ ၃၃ နှစ်ကြား ဓာတ်ပုံ သတင်းထောက်များက မိမိတို့ကိုယ်တိုင် ရိုက်ကူးထားသည့် သတင်းဓာတ်ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသည် နိုင်ငံတကာလူငယ်ဓာတ်ပုံသတင်းထောက်တစ်ဦးအဖြစ် ရပ်တည်နိုင်စေရန်နှင့် သတင်းဓာတ်ပုံများဖြင့် ကမ္ဘာကြီးအား တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းလိုသည့် လူငယ်များကို မြေတောင်မြှောက်ပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး ယခုအကြိမ်သည် ဒသမအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

Andrei Stenin သည် Rossiya Segodnya ၏ ဓာတ်ပုံသတင်းထောက်ဖြစ်ပြီး ၂၀၁၄ ခုနှစ်က Donbas တွင် သတင်းယူရင်း ကျဆုံးခဲ့ရသည်။ ထို့ကြောင့် Rossiya Segodnya မီဒီယာသည် လုပ်ဖော်ကိုင်ဖက်အား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် သတင်းဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ အသက်ကန့်သတ်ချက် ပြည့်မီသည့် ကမ္ဘာတစ်ဝန်းမှ ဓာတ်ပုံသတင်းထောက်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကဏ္ဍငါးခု ခွဲခြားယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ကဏ္ဍများမှာ အထူးခြားဆုံးသတင်းဖြစ်စဉ်၊ အားကစား၊ သဘာဝအလှနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ၊ ကျွန်ုပ်တို့၏ သူ့ရဲကောင်းများ၊ အကောင်းဆုံးမြင်ကွင်း စသည်ဖြင့် ခွဲခြားထားသည်။

ကဏ္ဍအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများ ပေးအပ်မည်ဖြစ်ပြီး ဆုကြေးအဖြစ် ရူဘယ် ၁၂၅၀၀၀၊ ၁၀၀၀၀၀၊ ၇၅၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူအား ရူဘယ် ၇၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၅၈၈ ဒေါ်လာ) ချီးမြှင့်ပေးမည်ဖြစ်သည်။

ဓာတ်ပုံများကို ကင်မရာ၊ ဖုန်းတို့ဖြင့် ရိုက်ကူးနိုင်ပြီး အလင်းအမှောင် တည်းဖြတ်မှု၊ ပုံဖြတ်တောက်မှုများ ပြုလုပ်နိုင်သော်လည်း နည်းပညာအသုံးပြု၍ ပြုပြင်မှုများကို လက်မခံကြောင်း၊ JPG အမျိုးအစားဖြင့် ပုံဆိုက်က ၂၂၀၀ မှ ၅၇၀၀ ပစ်ဇယ်အထိသာ အသုံးပြုရမည်ဖြစ်ကြောင်း ကြေညာထားသည်။ ပေးပို့ယှဉ်ပြိုင်မည့် သတင်းဓာတ်ပုံများသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ယခုအချိန်အထိ ရိုက်ကူးထားသောဓာတ်ပုံများ ဖြစ်ရမည်ဖြစ်ကာ မတ် ၁၅ ရက် နောက်ဆုံးထား၍ stenincontest.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း၊ ဝက်ဘ်ဆိုက် တွင် အသေးစိတ်အချက်အလက်များ ဝင်ရောက် ဖတ်ရှုနိုင်ကြောင်း သိရသည်။ **ခင်ရတနာ**

**Source– Sputnik**



၂၀၂၃ ခုနှစ်က ဆုရရှိခဲ့သည့်ပုံ။

# လားရှိုးမြို့တွင် မြို့နယ်အဆင့်ရာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်

**လားရှိုး မတ် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မြို့နယ်အဆင့်ရာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက လားရှိုးခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) အတွင်းရေးမှူးရဲမှူးကြီး လှမင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် ရာဖွေကယ်ဆယ်ရေးဝတ်စုံများကို ပေးအပ်သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင်၊ မြို့နယ်သင်တန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ လူမှုရေးအသင်းအဖွဲ့ဝင် ၁၅ ဦးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအဖွဲ့ဝင်ငါးဦး စုစုပေါင်း ၅၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်းထွန်း(လားရှိုး)**



# မန်စီးတီးကို ရှုံးနိမ့်ခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု တန်ဟတ်ဆို

ပရီမီယာလိဂ်ပွဲစဉ် (၂၇) မှ မန်စီးတီးနှင့် မန်ယူအသင်းပွဲစဉ်တွင် မန်စီးတီးအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဦးဆောင်သူလီဗာပူးအသင်းကို အနီးကပ် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို မတ် ၃ ရက်ညပိုင်းက အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန် ၈ မိနစ်တွင် ရရှိခဲ့သောရက်ဖို့ဒ်၏ သွင်းဂိုးဖြင့် မိနစ် ၅၀ ကျော်သည်အထိ ပြိုင်ဘက်ကို ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည်။

မန်ယူအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် အဆင့် (၄) မှ အက်စ်တွန်ဗီလာနှင့် ရမှတ်ကွာဟမှု ၁၁ မှတ်အထိ ရှိလာပြီဖြစ်ပြီး လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက် မှေးမှိန်ခဲ့ရပြီဖြစ်သည်။ သို့သော်လည်း မန်ယူနည်းပြ တန်ဟတ်က ၁၁ ပွဲကစားရန် ကျန်ရှိနေသေးသည့်အတွက် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြောသည်။

နည်းပြတန်ဟတ်သည် ၎င်းမန်ယူအသင်းကို စတင်တာဝန်ယူကိုင်တွယ်သည့်အချိန်မှစ၍ မန်စီးတီးအသင်းနှင့် ငါးကြိမ်တွေ့ဆုံရာတွင် လေးကြိမ်အထိ ရှုံးနိမ့်ထားသည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ၂၇ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၄ မှတ်ဖြင့် အဆင့် (၆) တွင် ရပ်တည်နေသည်။ **အောင်ဇော်**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၀၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ – ၃ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၁၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၃၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၁၂၃၅ | ၁၀၂၃၅၂၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၂၈၉၅ | ၈၃၈၆၅၀၀ |
| MCB | ၇၈၀၀ | ၇၇၀၀ | ၁၀ | ၇၇၉၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၁၂ | ၁၈၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၆ | ၉၀၀၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၈၄ | ၃၂၂၀၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၉ | ၄၃၂၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၁၉ | ၃၄၂၀၀ |

# တနင်္သာရီတိုင်းဒေသကြီး ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ထားဝယ် မတ် ၄**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယခုနှစ် မဟာသင်္ကြန်ပွဲတော်အား လုံခြုံရေးလစ်ဟင်းမှုမရှိစေရေး၊ ပျော်ပွဲရွှင်ပွဲများနှင့် ဖျော်ဖြေရေးများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မဏ္ဍပ်ဆောက်လုပ်ရေး စသည့်နေရာများတွင် လိုအပ်သည်များကို ကြိုတင်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် ခေါ်ယူရခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ဖျော်ဖြေရေးနှင့် သင်္ကြန်မဏ္ဍပ်များတွင် စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဝင်များက မဏ္ဍပ် ဆောက်လုပ်ရေးနှင့် အခမ်းအနားပြင်ဆင်ရေး၊ ဗဟိုသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ/ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပရေး၊ ဖျော်ဖြေရေး၊ ညှို့ခံကျွေးမွေးရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ရေကစားရေး၊ သင်္ကြန်ယိမ်းအက စိစစ်အကဲဖြတ်ရေးနှင့် ဆုချီးမြှင့်ရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပရေး၊ ဘိုးဘွားသက်ကြီးပူဇော်ပွဲ ကျင်းပရေး၊ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပွဲကျင်းပရေး လုပ်ငန်းများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရွှေထုတ်လုပ်ရေးပလက်ဖောင်း (SHP Platform)နှင့် ရွှေဖိအားမြှင့် ပလက်ဖောင်း (SHK Compression Platform) အား 100.484 m အရှည်ရှိသော တံတားဖြင့် ဆက်သွယ်တည်ဆောက်ထားသည့် ရွှေဖိအားမြှင့် ပလက်ဖောင်း (SHK Compression Platform) ၏ Coordinate မှာ SHK Compression Platform မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅.၉ စက္ကန့်တွင် တည်ရှိပါသည်။

သို့ဖြစ်ပါ၍ ပင်လယ်ရေကြောင်းသွားလာမှုများ အန္တရာယ်မှ ကင်းရှင်းစေရန်နှင့် မတော်တဆ ထိခိုက်မှုလျော့ပါးစေရန်အတွက် အထက်ဖော်ပြပါ ရွှေဖိအားမြှင့် ပလက်ဖောင်း (SHK Compression Platform) တည်နေရာမှ (၄)ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## မြင်းခြံမြို့နှင့် နွားထိုးကြီးမြို့နယ်အစပ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများကို ခြိမ်းခြောက်မောင်းထုတ်ပြီး ရွှေငွေများယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာနှင့် နွားထိုးကြီးမြို့နယ် နန္ဒင်းတော်ပိုးကျေးရွာတို့မှ ဒေသခံပြည်သူများကို မတ် ၁ ရက်က ကျေးရွာများအတွင်းမှ ခြိမ်းခြောက်မောင်းထုတ်ပြီး ရွှေငွေအဖိုးတန်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ မြေပြင်သတင်းပေးပို့ချက်များနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ ကန်ဆွယ်ကျေးရွာနှင့် နန္ဒင်းတော်ပိုး ကျေးရွာတို့မှ ဒေသခံပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြိမ်းခြောက် မောင်းထုတ်ပြီး ရွှေငွေအဖိုးတန်ပစ္စည်းများကို ယူဆောင်သွားသည်မှာ မှန်ကန်မှုမရှိသည့် သတင်းအမှားဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်အတွက် လုပ်ကြံရေးသားခြင်းဖြစ်ကြောင်း သိရှိရသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့ရွာများတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုမရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း မရှိစေရန်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကောလင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများကိုမီးရှို့ပြီး အရပ်သားများကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၄**

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ်ရှိ သခွတ်ခုံကျေးရွာ၊ ရွာမကျေးရွာ၊ ပေကုန်းကျေးရွာ၊ ကျောက်တန်းကျေးရွာနှင့် ငါးကြီးအိုင် ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် အရပ်သားသုံးဦးကိုလည်း ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပြီး KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကောလင်းမြို့တွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် ကောလင်းမြို့တွင်း၌ မိုင်းရှင်းလင်းခြင်း လုပ်ငန်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် လွှင့်ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Yoon Thinze Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ယွန်းသဉ္ဇာထွန်း(ခ) ယွန်းယွန်းအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ကျောက်ပန်းတောင်းမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန်းရွှေစက်တော်ဘုရားကြီး ရွှေဆိုင်းဝယ်ယူရေးတင်ဒါကြော်ငြာ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီး၏ ၂၀၂၄ခုနှစ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီး အတွက် (၁.၅)လက်မပတ်လည် ရွှေဆိုင်းတင်ဒါတင်သွင်းလိုသူများသည် မင်းဘူးမြို့၊ မန်းရွှေစက်တော်ဘုရားပွဲရှိ ဂေါပကအဖွဲ့ရုံးသို့ တင်ဒါလျှောက်လွှာနှင့် ဈေးနှုန်းအဆိုပြုလွှာ (၁)စောင်လျှင် (၂၀၀၀၀/-)ကျပ် နှုန်းဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ (၅)ရက် နံနက် (၁၀)နာရီမှစ၍ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၂)ရက် ညနေ (၄)နာရီအထိ နောက်ဆုံးထားပြီး ဝယ်ယူလျှောက်ထားနိုင်ပါသည်။ (မန်းရွှေစက်တော်ဘုရားဂေါပကရုံး)

၂။ တင်ဒါအောင်မြင်သူများ၏စာရင်းအား မင်းဘူးမြို့၊ မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့ရုံး ကြော်ငြာသင်ပုန်းတွင် ၂၀၂၄ခုနှစ်၊ မတ်လ ၂၀ရက် နံနက် ၁၀ နာရီတွင် ကြော်ငြာထားရှိပါသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မန်းရွှေတော်ဘုရားကြီးဂေါပကဖွဲ့ရုံး၊ ဖုန်းအမှတ်-၀၉-၂၅၇၀၁၁၅၆၆ နှင့် ၀၉-၄၄၀၂၂၉၀၂၆၊ ၀၉-၅၃၃၇၄၉၉ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန်းရွှေစက်တော်ဘုရားကြီးဂေါပကအဖွဲ့၊ မင်းဘူးမြို့**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အမက ဘုရားကြီးကုန်းရွာမ (G-5) မှ မောင်ကျော်ဇေ လင်းနှင့်(KG)မှ မသူသူဖြိုးတို့၏ ဖခင် အမည်မှန်မှာ ဦးမောင်မြင့် ၁၄/မမက(နိုင်)၃၃၃၉၁၃ ဖြစ်ပါကြောင်း။ **ဦးမောင်မြင့်**

## ပျောက်ဆုံးကြောင်း

ဦးခိုင်ခန့်ဆွင်း၏သား ဦးခမ်ရှန်းပြောင် ၄/တတန(နိုင်) ၀၆၂၇၂၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် M 687758 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၆၆၄၅၈၆၈

## အစည်းအဝေးဖိတ်ကြားခြင်း

ကျွန်တော်များ Chao Yang International Co.,Ltd.၏ အစုရှယ်ယာများ လျှော့ချရန် ရှယ်ယာရှင် အထူးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Chao Yang International Co.,Ltd**

## အစည်းအဝေးဖိတ်ကြားခြင်း

ကျွန်တော်များ Summit Vertex Co.,Ltd.၏ အစုရှယ်ယာများ လျှော့ချရန် ရှယ်ယာရှင် အထူးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Summit Vertex Co.,Ltd.**

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၉၉၈)၊ (၄၀ x ၆၀)ပေ မြေကွက်၏ ခွဲတပ်ကြပ်ကြီးအမည်ဖြင့် ရရှိထားသော မြေပေးမိန့်မှာ မိုးရာသီရေကြီးနစ်မြုပ်ရာတွင် ပါဝင်သွားသဖြင့် မြေပေးမိန့်မိတ္တူမှန်ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဒေါ်ဇင်မာဝင်းမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူများဖြင့် တင်ပြလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက် သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်တွက်၊ ကျောင်းကုန်းလမ်း၊ အမှတ် (၉)၊ (၆) လွှာနေ ဒေါ်အေးသီတာ (ဘ) ဦးမြသိန်း ၁၄/ပသန (နိုင်)၁၄၇၉၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးသီတာနှင့် ဒေါ်ငြိမ်းငြိမ်းစံသည် ညီအစ်မ အရင်းတော်စပ်ပြီး တစ်မြို့စီ သီးခြားနေထိုင်ပြီး အိမ်ထောင်ခွဲ၊ စီးပွားခွဲများ ဖြစ်ပါသည်။ ဖခင် ဦးမြသိန်း၌ ဒေါ်အေးသီတာနှင့် ဒေါ်ငြိမ်းငြိမ်းစံမှလွဲ၍ အခြား အမွေဆက်ခံမည့်သူမရှိပါ။ ဖခင်ဦးမြသိန်းသည် အသက်(၉၂) အရွယ်ရှိပြီး ကြွက်သားအားနည်းခြင်း၊ အာရုံကြောအားနည်းခြင်း ဝေဒနာများခံစားနေရပြီး အယ်ဇိုင်းမားရောဂါဖြင့် အိပ်ယာထဲလဲနေသူတစ်ဦးဖြစ်ပါသည်။ ဖခင်၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးကိစ္စအဝဝကို အစ်မကြီးဖြစ်သူ ဒေါ်အေးသီတာကသာ တာဝန်ယူဆောင်ရွက်နေသောကြောင့် ဖခင်ဦးမြသိန်း၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် အိမ်ပေါ်ရှိ အိမ်ထောင်ပရိ ဘောဂပစ္စည်းအားလုံး ပုသိမ်မြို့၊ မြဝတီဘဏ်တွင် ထားရှိသော ဘဏ်စာအုပ်များအနက် ဦးမြသိန်းနှင့် ဒေါ်အေးသီတာ အမည်ပူးတွဲပါရှိသည့် ဘဏ်စာအုပ်ပါငွေများကိုလည်းကောင်း၊ ဦးမြသိန်းနှင့် ဒေါ်ငြိမ်းငြိမ်းစံ ပူးတွဲပါရှိသည့် ဘဏ်စာအုပ်ပါ ငွေများကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် ပုသိမ်မြို့၊ ရ.က.အ (၄) ၄က်ပျောတန်းလမ်းရှိ ကွင်းအမှတ်(၈၃-ခ)၊ ကုလားတန်း၊ မြေပိုင်၊ ဦးပိုင်အမှတ် - ၄၆၊ ဧရိယာ - ၀.၀၂၈ ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၆၀) ဟု ခေါ်တွင်သည့် (၄)ပင် (၃)ခန်း၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး (၂) ထပ်အိမ်နှင့် အဝီစီတွင်း မီတာဘောက်တို့အား အစ်မကြီးဖြစ်သူ ဒေါ်အေးသီတာ၏ ခွင့်ပြုချက်မရဘဲ ဘဏ်မှ ငွေများထုတ်ယူခြင်း၊ အိမ်ထောင်ပရိဘောဂပစ္စည်းများရောင်းရခြင်း၊ ဖခင်ဖြစ်သူ ဦးမြသိန်းအား သွေးဆောင်ဖြားယောင်းပြီး မြေနှင့် အိမ်အားရောင်းချခြင်း၊ ပေါင်နှံခြင်းတို့မပြုလုပ်ပါရန် အသိပေးတားမြစ်ပါသည်။ အမွေပူးတွဲပိုင်ဆိုင်သူ ဒေါ်ငြိမ်းငြိမ်းစံမှသော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်အေးသီတာ ၏လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အေးသီတာ** | **ဒေါ်ခင်စောဝင်း B.A LAW (LL.B)** |
| ၁၄/ပသန(နိုင်)၁၄၇၉၃၂ | တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၇၁) |
| | အမှတ်(၁၄-ခ)၊ မဟာစေတီလမ်း၊ ပုသိမ်မြို့။ |
| | ဦးအောင်ခင်ဇော်(LL.B) |
| | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၄၇) |
| | န.တ.ခ(တောင်ပေါ်ဈေး)၊ ပုသိမ်မြို့။ |

## ၂၀၂၄-ခုနှစ်၊ မတ်လ(၁၀)ရက်မှ မတ်လ(၂၄)ရက်အထိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်သို့ ရေလမ်းခရီး / ကုန်းလမ်းခရီးများဖြင့် ဖူးမျှော်နိုင်ရန် စီစဉ်ထားပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပြုလုပ်သွားမည်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရာဖူးမိဘပြည်သူများသွားလာရေး အဆင်ပြေစေရန် ရေကြောင်းလမ်းအတွက် သင်္ဘောများ၊ ကုန်းလမ်းခရီးစဉ်အတွက် မှန်လုံယာဉ်များကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်-

ရေကြောင်းလမ်းခရီးစဉ်ကို မတ်လ(၉)ရက်မှစတင်၍ နေ့စဉ်သင်္ဘော (၄)စီးဖြင့် ပုသိမ်မြို့၊ ဈေးကျောင်းလမ်း၊ အမှတ်(၂)ဆိပ်ကမ်းတံတားမှ ညနေ ၆နာရီတွင်(၁)စီး၊ ည ၈ နာရီတွင်(၁)စီး ပုံမှန်ပြေးဆွဲ မည်ဖြစ်ပါသည်။ လူတစ်ဦးလျှင် ရေယာဉ်ခ(၁၀၀၀၀)ကျပ်၊ အိပ်ခန်း(ရိုးရိုး)(၃၀၀၀၀)ကျပ်၊ အဲယားကွန်း (၃၅၀၀၀)ကျပ်ဖြင့် ပြေးဆွဲမည်ဖြစ်ပါကြောင်းနှင့် မြတ်မော်တင်စွန်း (ခမောက်မော်)နှင့် ကျောက်ချောင်းကြီးမှ ပုသိမ်မြို့သို့ ညနေ ၆နာရီတွင် (၁)စီး၊ ည ၈နာရီ တွင်(၁)စီး ပုံမှန်ပြေးဆွဲမည် ဖြစ်ပါသည်။

ကုန်းလမ်းခရီးစဉ်ကို မတ်လ(၉)ရက်မှ စတင်ပြီး နေ့စဉ် မှန်လုံယာဉ်များဖြင့် ပုသိမ်မြို့မှ မြတ်မော်တင်စွန်း(ရင်ပြင်တော်အနီး)သို့ နံနက်၁၀နာရီ၊ နံနက် ၁၁ နာရီ၊ မွန်းတည့် ၁၂နာရီ အချိန်တို့တွင် လူတစ်ဦးလျှင် (၁၅၀၀၀) ကျပ်ဖြင့် မြို့မကားဂိတ်၊ မြဇင်ယော်ကားဂိတ်၊ မြတ်ကောင်းကင်ကားဂိတ်များမှ ပြေးဆွဲမည်ဖြစ်ပါ ကြောင်းနှင့် မြတ်မော်တင်စွန်းမှ ပုသိမ်မြို့သို့ နေ့စဉ် နံနက် ၅နာရီနှင့် နံနက် ၆နာရီ အချိန်တို့တွင် ပြေးဆွဲသွားမည်ဖြစ်ပါကြောင်း ဘုရားဖူး မိဘပြည်သူများ သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 58W/35177 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်နန်းခမ်းဖိန် ၁၃/လခန (နိုင်)၀၁၀၅၀၆ မှ ဒေါ်နန်းတင်တင်အေး ၁၃/ပလန(နိုင်)၀၄၃၄၉၉ ထံသို့ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၃၆၆/၂၀၁၉ဖြင့် (၁၁-၄-၂၀၁၉) ရက်တွင် တောင်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ် လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းဖိန်**
၁၃/လခန (နိုင်)၀၁၀၅၀၆

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀) သာကေတမြို့နယ်တရားရုံးတော်၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇

| | | |
|---|---|---|
| ဒေါ်ဝေဝေလှိုင် | **နှင့်** | ဦးသန်းမြင့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၉/ရပ်ကွက်၊ နဝရတ်ပတ်လမ်း၊ အမှတ်(၁၁၁၁/က) နေ ဦးသန်းမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ရက်(၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်း၏အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၂) လမ်း၊ အမှတ်(၁၄၉)၊ (၅လွှာ-ခြေရင်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်မင်း ၁၂/ဗတထ(နိုင်)၀၄၅၆၅၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးရဲမင်းထွန်း ၁၂/ဆကခ(နိုင်)၀၁၄၅၆၇၊ ဒေါ်သူဇာထွေး ၁၃/ကလန(နိုင်)၀၇၀၇၅၉တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ မော်လမြိုင်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)မှ ထွက်ရှိသော အောက်ဖော်ပြပါ မှိုင်းခံရော်ဘာ အဆင့်အတန်း အမျိုးမျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | Lot No | အမျိုးအစား | အရေအတွက်(ပေါင်) |
|---|---|---|---|
| (က) | Lot 1 | မိုင်းခံရော်ဘာအဆင့်(၁) | ၇၀၀၇၀ |
| (ခ) | Lot 2 | မှိုင်းခံရော်ဘာအဆင့်(၂) | ၆၈၆၄၀ |
| (ဂ) | Lot 3 | မှိုင်းခံရော်ဘာအဆင့်(၃) | ၃၆၃၃၀ |
| (ဃ) | Lot 4 | မှိုင်းခံရော်ဘာအဆင့်(၄) | ၂၈၁၆၀ |
| (င) | Lot 5 | မှိုင်းခံရော်ဘာအဆင့်(၅) | ၉၁၉၆၀ |
| (စ) | Lot 6 (a) | အမြှုပ်ပြား | ၅၅၀ |
| | Lot 6 (b) | ဆွဲဖတ်ခွက်ကပ် | ၁၃၉၃၂ |

၂။ **တင်ဒါပုံစံစတင်ဝယ်ယူနိုင်သည့် နေရာ/ရက်** - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ (၆ -၃ -၂၀၂၄) ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - (၁၉-၃-၂၀၂၄)ရက် (၁၆:၀၀) နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - (၂၀-၃-၂၀၂၄)ရက်၊ ဗုဒ္ဓဟူးနေ့ (၁၀:၀၀) နာရီ

၅။ **အသေးစိတ်သိရှိလိုပါကဖုန်း** - (၀၅၇၂၄၄၆၀၊ ၀၉-၄၂၅၂၈၁၁၃၁)များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အထက(၄) Grade(11)မှ မဇင်မီမီသက်စိုးနှင့် Grade(6)မှ မောင်ဝေယံသက်စိုး တို့၏ဖခင် ဦးသူရစိုးနှင့် ဦးသက်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသူရစိုး(ခ)ဦးသက်စိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မုန်တိုင်အုပ်စု၊ ဖလံကျင်းကျေးရွာနေ ဦးမြင့်ဇော်- ဒေါ်ကေသီဦး တို့၏သား မောင်ခန့်တေဇဇော်နှင့် မောင်ခန့်တေဇဖြိုး ၉/မထလ(နိုင်) ၃၉၉၄၉၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၈) ရပ်ကွက်၊ ကင်းဝန်မင်းကြီးလမ်း၊ မြေတိုင်းအမှတ်(သကမ-၁၆)၊ မြေကွက်အမှတ်(၁၁၇၅/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀) ပေ x အနံ (၆၀)ပေရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့အား ရောင်းချစီမံပိုင်ခွင့်ရှိသူ ဦးလှမြင့် (၁၂/ကမတ(နိုင်)၀၄၇၆၆၉)ထံမှ ကျွန်ုပ် ဦးသန်းနိုင် (၁၁/မပန (နိုင်)၁၅၉ ၄၆၅) မှ မြေပိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် တကွ တရားဝင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် ထိုမြေကွက်၏ ပိုင်ရှင်သည် ကျွန်ုပ် ဦးသန်းနိုင် သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းနိုင် (၁၁/မပန(နိုင်)၁၅၉၄၆၅)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မွန်နိုင် (စဉ်- ၅၄၈၀၃) အထက်တန်းရှေ့နေ**
**အမှတ်၄၃၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း - ၀၉-၇၇၂၅၄၅၄၂၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၊ ဝမ်လီရွာနေ ကျွန်မ ဒေါ်နန်းကျန်၏သား စိုင်းပွဲ့ ၁၃/တခလ(နိုင်) ၀၆၇၀၉၂သည် မိခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိ ဘဲ မိခင်အား စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိခင်မသိသော ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်နေခြင်းတို့ကြောင့် ကြော်ငြာပါသည့် ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန် ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းကျန် ၁၃/တခလ(နိုင်) ၀၇၅၁၇**

## သမီးနှင့်သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အမှတ် (၂၁၃) နေ ဒေါ်ကျင်ဟုန်(ဘ)ဦးဘသောင်း ၃/လဘန(နိုင်) ၀၈၁၅၂၄၏ ဒုတိယမြောက်သမီးဖြစ်သူ မစန်းစန်းဝင်း(ဘ)ဦးစိန်ထွန်း ၃/လဘန(နိုင်) ၀၈၁၅၂၅နှင့် ပဉ္စမမြောက်သား မောင်ကျော်ငွေး(ဘ)ဦးစိန်ထွန်း ၃/လဘန(နိုင်)၁၀၉၄၈၁ တို့သည် ဖခင် ကွယ်လွန်ပြီးနောက်ပိုင်း မိခင်၏ ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိခင် အား ကိုယ်ထိလက်ရောက်စော်ကားမှုများအကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသဖြင့် ၎င်းတို့ နှစ်ဦးအား သမီးနှင့် သားအဖြစ်မှ ယနေ့ကြော်ငြာသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် အမှုကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်း ပေးမည်မဟုတ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်ဖြစ်သူ-**
**ဒေါ်ကျင်ဟုန် ၃/လဘန(နိုင်)၀၈၁၅၂၅**

## Passport ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ စိန်ပန်းပြာ(၇)လမ်း၊ အိမ် အမှတ် ၁၁၂၆နေ (ဘ) ဦးသိန်းထိုက်၏သမီး မဇင်မျိုးနွယ် ၉/ဇဗသ(နိုင်)၀၀၄၃၂၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MD 858221 သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၂၁၀၆၁၀၂

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ သူရိန်နန်း ကိုယ်ပိုင် အထက်တန်းဆင့် သင်ကျောင်း Grade-10မှ မောင်ကောင်းထက် စံ၏ ဖခင် အမည်မှန်မှာ ဦးဗိုလ်ဝင်း ၅/ကဘလ(နိုင်)၁၂၁၆၂၉ ဖြစ်ပါကြောင်း။ **ဦးဗိုလ်ဝင်း**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်နေ (ဘ)ဦးဝါရိန္ဒ ၏သား စိုင်းစံမြင့် ၁၃/တကန(နိုင်) ၂၉၉၈၈၆၏ နိုင်ငံကူး လက်မှတ်အမှတ် (MB-729124)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၃၄၀၁၇၀

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/29489,TVS WEGO-110,M/C ယာဉ်လက်ဝယ်ရှိသူဦးမင်းမင်း ၅/မရန(နိုင်)၀၁၃၄၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အိမ်အမှတ်(၇/၄၈၄)နေ ဦးခင်မောင်အေး-ဒေါ်အေးတို့၏ သား မောင်လင်းထက်အောင် ၁၃/တကန(နိုင်)၃၈၇၇၇၀သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်အေး- ဒေါ်အေး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်ကော်မြို့၊ မင်းစုရပ်ကွက်နေ ဦးခင်မောင်ဝင်း - ဒေါ်မြင့်မြင့်ဦး တို့၏သား မောင်အောင်မြတ်သူ ၂/လကန(နိုင်)၀၉၅၇၄၄ သည် မိဘတို့အား စိတ်ဆင်းရဲအောင်အမျိုးမျိုး ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် (၁-၃-၂၀၂၄) ရက်မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်၊ နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စများအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (မေးမြန်းခြင်း သည်းခံပါ။)

**ဦးခင်မောင်ဝင်း - ဒေါ်မြင့်မြင့်ဦး**

## သွေးသက် အသက်

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံး ကိုဓ ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတော်၌**

၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ နှင့်ဆက်နွယ်သည့်
၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂ နှင့်ဆက်နွယ်သည့်

ဦးဝေယံသူရိန်မောင် **နှင့်** ၁။ ဦးစည်သူဝင်း
၂။ ဒေါ်ချိုလွင်စိုး(ခ)မမွေးလွယ်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပင်းတယမြို့၊ ပေါက်တောရပ်ကွက်နေ ဦးစည်သူဝင်း၊ ဒေါ်ချိုလွင်စိုး(ခ)မမွေးလွယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဝေယံသူရိန်မောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မတ်လ ၁၅ရက် (၁၃၈၅ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ခုနှစ်၊ မတ်လ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြတ်မွန်)**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး**
**မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈၂နှင့်ဆက်နွယ်သည့်**
**၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၇**

ဒေါ်စန်းစန်းယု **နှင့်** ဦးလှဝင်း
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၁)၊ အကွက်ကြီး အမှတ်(၄၅) နေ တရားရှုံး ဦးလှဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ် ၈၂တွင် ကျန်ရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်စန်းစန်းယုက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မတ်လ(၂၀)ရက်(၁၃၈၅ခုနှစ်၊ တပေါင်းလဆန်း၁၁ရက်နေ့ မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ မတ်လ(၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## တောင်ကြီးမြို့၊အကောက်ခွန်ဦးစီးဌာန ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ပြည့်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဆိုင်ကယ်အပိုပစ္စည်းနှင့် အရက်မျိုးစုံတို့အား အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်နေ့ရက်** – ၁၄-၃-၂၀၂၄
(ခ) **လေလံတင်ရောင်းချမည့်အချိန်** – နံနက် (၁၀:၀၀)နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** – မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ တောင်ကြီးမြို့

၂။ လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး (ဖုန်း-၀၈၁-၂၁၂၁၁၅၈) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**တောင်ကြီးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သဲကုန်းမြို့နယ်၊ ထန်းရင်းရပ်ကွက်၊ ထန်းရင်း(၂)လမ်းနေ ဦးအောင်ဇော်ဝင်း၏သမီး မထက်သျှားအောင်နှင့် မထက်ခွန်းချို ၇/သကန(နိုင်)၁၁၂၄၈၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်ဇင်မင်း ၇/ပခန(နိုင်)၄၈၃၃၄၅၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၉၈၁၅၁၃၆၀၄




## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၈၄၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းမောင် ၁၀/မလမ(နိုင်)၁၅၁၆၉၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အမည်ပြောင်း

